# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၅) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (7-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနသာစုကိဋ္ဌနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်



**နေပြည်တော်  ဇွန်  ၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၄ နှစ် သိက္ခာတော် ၇၄ ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုရုပ်ကလာပ်တော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် အကြီးအကဲ ရှစ်ဦးက ဗိမာန်တော်မုခ်ဦးမှ သတ်မှတ်နေရာအထိ ပင့်ဆောင်လာစဉ်။**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုရုပ်ကလာပ်တော်ကို တင်ဆောင်ထားသည့် ကရဝိက်ယာဉ်တော်အား ချမ်းမြသာစည်မြို့နယ်ရှိ ဈာပနကွင်းသို့ ပင့်ဆောင်ရာလမ်းကြောင်းတစ်လျှောက် ကရဝိက်ယာဉ်တော်၏ ဝဲယာတွင် ဝတ်ဖြူစင်ကြယ်ဝတ် ဥပါသကာဦးရေ ၅၀ စီနှင့် ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများက ပိတ်ဖြူစ(တမုတ်ကြိုး)ဆွဲ၍ ပင့်ဆောင်ပူဇော်ရာ သံဃာတော်များ၊ သာသနာ့ဝန်ထမ်းဝင်သီလရှင်များ၊ ပြည်သူလူထုအပေါင်းတို့က လိုက်ပါခြင်း၍ စည်ကားသိုက်မြိုက်စွာဖြင့် ပို့ဆောင်တော်မူစဉ်။

ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၇ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်လူရွယ်များ မှန်ကန်သောလမ်းရွေးချယ်လျှောက်လှမ်း

လူငယ်ဟူသည် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်ဖြစ်သည့်အပြင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ စည်ပင်သာယာဝပြောရေးတို့သည်လည်း လူငယ်များ၏ အသိပညာ၊ အတွေးအခေါ်မြင့်မားမှုနှင့် ကြိုးစားအားထုတ်မှုတို့တွင် များစွာမူတည်သည်။ ထို့ကြောင့် နိုင်ငံ၏အားဖြစ်သော လူငယ်များသည် မှန်ကန်သောလမ်းကို လျှောက်လှမ်းနိုင်စေရန် အရေးကြီးသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲတွင် မသိနားမလည်သော လူငယ်လူရွယ်တို့ကို မဟုတ်မမှန်သတင်းများလွှင့်ကာ လမ်းမှားသို့ပို့ဆောင်မှုများသည် နိုင်ငံနှင့်လူမျိုးကို မချစ်တတ်သောသူများ၏ လုပ်ဆောင်ချက်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နိုင်ငံရေးအပြောင်းအလဲတွင် မသမာလူတစ်စု၏ သွေးထိုးလှုံ့ဆော်မှုကြောင့် လူငယ်များ လမ်းမှားသို့ရောက်ရှိခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများသို့ ပို့ဆောင်ကာ အဖျက်လုပ်ရပ်မျိုးစုံလုပ်ဆောင်တတ်ရန် သင်ကြားစေခဲ့သည်။ ထိုသို့ လမ်းမှားရောက်အောင်ပို့ဆောင်ခံရခြင်းသည် အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်တတ်မှုပညာများ နိမ့်ပါးခြင်းကြောင့်ဖြစ်သည်။

လူငယ်လူရွယ်များကို ကျောင်းနေစဉ်အရွယ်မှစ၍ နည်းလမ်းမျိုးစုံဖြင့် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ လူငယ်များကို အရည်အချင်းပြည့်ဝသည့် လူကောင်းလူတော်များဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးရန် အထူးလိုအပ်သည်။ ပညာအရည်အချင်းပြည့်ဝမှသာ မိမိဘဝ၊ မိမိနိုင်ငံအတွက် မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး မှန်ကန်သောလမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် သားသမီးချင်း ကိုယ်ချင်းစာနာစိတ်၊ လူသားချင်းစာနာစိတ်၊ တိုင်းသူပြည်သားတို့အပေါ် ရင်ဝယ်သားကဲ့သို့သဘောထားကာ လမ်းမှားသို့ရောက်နေသော **CDM** ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ပြန်လည်ခေါ်ယူလျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော **PDF** အဖွဲ့ဝင်များကိုလည်း ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံကို ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ လူငယ်လူရွယ်တို့၏ဘဝများကို တန်ဖိုးမဲ့စွာ မကုန်ဆုံးစေလိုသောကြောင့် လူငယ်များ တက်ရောက်သင်ကြားနိုင်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးပြီး တက်ရောက်သင်ကြားစေခဲ့သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားအတိုင်း လူငယ်တို့သည် အနာဂတ်တွင် တိုင်းပြည်၏တာဝန်ကို ကျရာနေရာမှ ဆက်လက်ထမ်းဆောင်ကြရမည့်သူများသာဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်တို့သည် ကျန်းမာကြံ့ခိုင်၍ လက်ရုံးရည်၊ နှလုံးရည်မြင့်မားသူများဖြစ်နေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များသည် အသိပညာ၊ အတတ်ပညာများကို တတ်မြောက်အောင် လေ့လာသင်ယူကြပြီး အနာဂတ်နိုင်ငံတော်အတွက် မှန်ကန်သောအသိ၊ မှန်ကန်သောအမြင်၊ မှန်ကန်သောအတွေးအခေါ်များဖြင့် မှန်ကန်သောလမ်းကို ရွေးချယ်လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၁၁၁ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထား



**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၁၁၁ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၆၂၀ ကို ဓာတ်ခွဲစမ်းသပ်ခြင်းနှစ်မျိုးဖြင့် ဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၆၅ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၄၆ ခုတို့ကို ဓာတ်ခွဲစမ်းသပ်ပေးထားကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေထုတ်လုပ်မဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ခြင်းနှစ်မျိုးနဲ့ ဓာတ်ခွဲစမ်းသပ်ပေးနေပါတယ်။ အခုလက်ရှိအချိန်မှာ ကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၁၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပေးထားပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလဲ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ကိုက်ညီတဲ့ထုတ်ကုန်ပစ္စည်းတွေကိုပဲ ခွင့်ပြုပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက်လဲ လုပ်ငန်းရှင်တွေ ပေါ်ထွက်ရေးအတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမဲ့ ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှု မဖြစ်မနေပြုလုပ်ရပါတယ်။ အိမ်တွင်းစက်မှုလုပ်ငန်းတွေ၊ စားသောက်ကုန်၊ လူသုံးကုန်တွေဟာ အများပြည်သူတွေ အများဆုံးသုံးစွဲစားသုံးကြတာကြောင့် ဓာတုပစ္စည်း ပါဝင်မှုတွေ၊ အဏုဇီဝပိုးမွှားပါဝင်မှုတွေကို စမ်းသပ်စစ်ဆေးရတာပါ။ စားသုံးသူပြည်သူတွေ အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရန်နှင့် ဈေးကွက်အတွင်း ဝင်ရောက်မှု မရှိစေရန်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇွန် ၆**

မန္တလေး ဈေးကွက်တွင် ပဲစင်းငုံ (နီ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲစင်းငုံ(နီ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့သာ အဓိက ထား တင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပဲစင်းငုံများဝယ်ယူမှု များပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(နီ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(နီ)က အရင်ကပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးခဲ့တယ်။ အခုလက်ရှိကတော့ အရောင်းအဝယ် ကောင်းနေတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မေလနောက်ဆုံးပတ်က ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲစင်းငုံ(နီ) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုက ပဲစင်းငုံ(နီ)တွေကို မန္တလေးဈေးကွက်ထဲ ကုန်သည်တွေ အဝယ်ပြန်လိုက်လာတယ်။ အရောင်းအဝယ်လဲ ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့်အခြားမြို့များသို့ ဘိလပ်မြေ၊ ကျောက်စရစ် တင်ပို့သည့်သင်္ဘောအစီးရေ များပြားလျက်ရှိ

**မန္တလေး ဇွန် ၆**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်နှင့်အခြားမြို့များသို့ ဘိလပ်မြေ၊ ကျောက်စရစ် တင်ပို့သည့်သင်္ဘောအစီးရေ များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက်သင်္ဘောများသွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ယခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ စသည့်မြို့များသို့ ဘိလပ်မြေနှင့် ကျောက်စရစ် တင်ပို့သည့် သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။

"ရွှေကြက်ယက်ဆိပ်ကမ်းမှာ ဇွန်လ ပထမပတ်ကနေစပြီးတော့ ဘိလပ်မြေ၊ ကျောက်စရစ်ရရှိမှုက တော်တော်လေးကို အားကောင်းလာတယ်။ အခု ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်နဲ့အခြားမြို့တွေကို ဘိလပ်မြေနဲ့ ကျောက်စရစ် တင်ပို့မှု တော်တော်လေး ပြန်များလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာနှင့်အခြားမြို့များသို့ ဘိလပ်မြေ၊ ကျောက်စရစ်တင်ပို့သည့် သင်္ဘောအစီးရေမှာ မေလနောက်ဆုံးပတ်က အစီးရေ ၂၀ ကျော်သာရှိခဲ့သော်လည်း ဇွန်လ ပထမပတ်အတွင်း ကုန်စည်ရရှိမှု များပြားလာခြင်းကြောင့် ဘိလပ်မြေ၊ ကျောက်စရစ်တင်ပို့သည့် သင်္ဘောအစီးရေ ၄၀ ကျော်ထိရှိပြီး သင်္ဘောအစီးရေ များပြားလာကြောင်း သိရသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ အခြားမြို့များသို့ ကုန်စည်တင်ပို့သည့် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၃၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေတောင်မြို့နယ်ရှိ ရှေးဟောင်းနေထွက်သိမ်

**မောင်သာ(ရှေးဟောင်းသုတေသန)**

ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် သိမ်အဆောက်အအုံများကို ပုဂံခေတ်ကတည်းကပင် တည်ဆောက်ခဲ့ကြရာ ခေတ်အဆက်ဆက်တည်ဆောက်ခဲ့သည့်သိမ်များကို ယခုတိုင်မြင်တွေ့ကြရပေသည်။

သိမ်သည် ပါဠိဝေါဟာရ သီမာမှဆင်းသက်ကာ အပိုင်းအခြားဟုအဓိပ္ပာယ်ရှိသည်။ လောကီနယ်နှင့် သာသနာ့နယ်ကို ပိုင်းခြားသည့်နေရာဟုဆိုလိုသည်။ ထေရဝါဒဗုဒ္ဓဘာသာတွင် သိမ်သည် အလွန်အရေးကြီးသည့်အဆောက်အအုံဖြစ်၍ ရဟန်းအဖြစ်ကို သိမ်ဝင်မှသာ ရရှိနိုင်သည်။ ထို့အတူ သိမ်သည် ရဟန်းတော်များ တစ်စုတစ်ဝေးတည်း တညီတညွတ်စုပေါင်းကာ ကံကြီးကံငယ်ဆောင်သည့် နေရာလည်းဖြစ်သည်။ ကံကြီးကံငယ်သည် ရဟန်းတော်များသာ ဆောင်ရွက်ရသော ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်းစသည်တို့ဖြစ်သည်။ ထိုသို့ကံဆောင်ရာတွင် ရဟန်းတော်များသည် သိမ်အတွင်း၌ တစ်ပါးနှင့်တစ်ပါး နှစ်တောင့်ထွာအောက်မဝေးစေဘဲ စုဝေးခြင်းသည် ကာယသာမဂ္ဂီဖြစ်သည်။

သိမ်သည် ဗဒ္ဓသိမ်နှင့် အဗဒ္ဓသိမ်ဟု နှစ်မျိုးကွဲပြားသည်။ ဗဒ္ဓသိမ်သည် သံဃာတော်များသမုတ်ထားသည့် သိမ်ဖြစ်၍ အဗဒ္ဓသိမ်သည် ရေသိမ်ကဲ့သို့ သမုတ်ရန်မလိုဘဲ သီးခြားရှိနေသည့်သိမ်ဖြစ်သည်။

မြန်မာနိုင်ငံအနှံ့တွင် သိမ်များရှိသကဲ့သို့ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ရှေးဟောင်းသိမ်များ တည်ရှိနေရာ နေထွက်သိမ်၊ မွန်းတည့်သိမ်နှင့် နေဝင်သိမ်တို့သည် ထင်ရှားသည့် ရှေးဟောင်းသာသနိကအဆောက်အအုံများဖြစ်ခဲ့ကြသည်။


နေထွက်သိမ်သည် ရန်ကုန်-ပြည် ကားလမ်းမှ အရှေ့ဘက်သို့ ခုနစ်ဖာလုံကွာဝေးသည့် ကြို့ကုန်းကျေးရွာအုပ်စု ပေကုန်းကျေးရွာတွင် တည်ရှိသည်။ မွန်းတည့်သိမ်သည် ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာတွင်တည်ရှိကာ ရန်ကုန်-ပြည်ကားလမ်းမှ အနောက်ဘက်သို့ သုံးဖာလုံကွာဝေးသည်။ နေဝင်သိမ်မှာမူ ရွှေတောင်မြို့နယ် ညောင်စာရေးကျေးရွာတွင် တည်ရှိ၍ ရွှေတောင်မြို့မှ ၁၄ မိုင်ကွာဝေးသည်။

**ရွှေတောင်မြို့နယ်၏ သမိုင်းနောက်ခံ**

ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မှတ်တမ်းအရ သက္ကရာဇ် ၆၄၈ ခုနှစ်တွင် နရသီဟပတေ့မင်း၏ ဒုတိယသားတော် ပြည်မြို့စားသီဟသူက ရွှေတောင်ကို တည်ခဲ့သည်ဟုဆိုသည်။ ထိုစဉ်က ရွှေတောင်မြို့တည်နေရာသည် လက်ရှိရွှေတောင်မြို့မှ လေးမိုင်ကွာဝေးသည့် မြို့မရွာဖြစ်၍ နေအိမ်များတည်ဆောက်ထားပုံသည် ဖျောက်ဆိပ်ကြယ်ပုံသဏ္ဍာန်နှင့်တူညီနေသဖြင့် ဖျောက်ဆိပ်ဟုလည်း ခေါ်ဆိုခဲ့သည်။

ပြည်မြို့စားသီဟသူနှင့် အမတ်ရန်မျိုးအောင်တို့က ရွှေတောင်နယ်အတွင်းတွင်ရှိသည့် ကြက်ဖြူတောင်၊ ဆားကျင်းတောင်နှင့် နွားသိုးတောင်တို့တွင် ရွှေထွက်ရှိသဖြင့်လည်းကောင်း၊ ရွှေနတ်တောင်စေတီတည်ရှိသည့် ကဋ္ဌနာဂီရိတောင်ကို အစွဲပြု၍လည်းကောင်း ဖျောက်ဆိပ်ရွာကို ရွှေတောင်ဟု အမည်ပေးခဲ့သည်။

သီဟသူသည် ရွှေတောင်မြို့ကို နယ်ရှစ်ခွင်သတ်မှတ်ခဲ့သည်။ ရွှေတောင်နယ်ရှစ်ခွင်သည် အရှေ့သို့လားသော် မှတ်ရှည်ချောင်း၊ တည်ပင်ခွရွာ(ယခုပြည်မြို့နယ်)၊ အရှေ့တောင်ဘက်သို့လားသော် အင်းမရွာ(ယခုသဲကုန်းမြို့နယ်)၊ တောင်ဘက်သို့လားသော် မြေကြားတိုင်၊ ညောင်ပင်တရစ်မြေ၊ အနောက်ဘက်သို့လားသော် သရဲတန်းကျေးရွာ(ယခုပန်းတောင်းမြို့နယ်)၊ အနောက်မြောက်ဘက်သို့လားသော် ဇရာဝတီ



ပြန်လည်တည်ဆောက်ထားသည့် နေထွက်သိမ်ကို တွေ့ရစဉ်။

မြစ်ထက်ဝက်နှင့် မြည်မြို့နယ်၊ အရှေ့မြောက်ဘက်သို့လားသော် မြင်ဗာဟုစေတီဟု ဖော်ပြထားသည်။ ထိုစဉ်က ရွှေတောင်မြို့နယ်အတွင်း၌ ကျေးရွာ ၉၉ ရွာရှိခဲ့ကြောင်းလည်း ဖော်ပြထားပေသည်။

ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် လူဦးရေစစ်တမ်းကောက်ယူကာ မောင်အင်္ဂါကို မြို့ဝန်ခန့်၍ တစ်နှစ်လျှင် တစ်ကြိမ်၊ အိမ်တစ်အိမ်ကို မြန်မာငွေနှစ်ကျပ် အခွန်စည်းကြပ်ခဲ့သည်။ ပုဂံမင်းလက်ထက်(ခရစ်နှစ် ၁၈၄၆-၁၈၅၃)တွင် ပဲ့နင်းကြီးဦးမှုံကို သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ချီးမြှင့်ကာ ရွှေတောင်မြို့ဝန်အဖြစ်ခန့်အပ်ခဲ့သည်။ ပုဂံမင်းသည် ဦးမှုံကို ၁၈၅၁ ခုနှစ်တွင် ရန်ကုန်မြို့ဝန်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံအောက်ပိုင်းကိုသိမ်းယူခဲ့ရာ ရွှေတောင်မြို့သည် အင်္ဂလိပ်အစိုးရအုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့သည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင် အင်္ဂလိပ်နယ်ပိုင်ဝန်ထောက်က ရွှေတောင်မြို့မှ လူကြီးငါးဦးကိုရွေးချယ်၍ ကော်မတီဖွဲ့ကာ အိမ်ခွန်ကောက်သည့်စနစ်ဖြင့် စီမံအုပ်ချုပ်ခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ရွှေတောင်ကို ၁၉၇၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် မြို့အဖြစ်သတ်မှတ်၍ ၁၉၇၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရွှေတောင်မြို့နယ်ကို ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၉၇ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

လက်ရှိရွှေတောင်မြို့နယ်သည် အရှေ့မှအနောက်သို့ ၁၄ မိုင်နှင့် တောင်မှမြောက်သို့ ၂၇ မိုင်ရှည်လျားကာ ၂၈၃ ဒသမ ၉၄ စတုရန်းမိုင်ကျယ်ဝန်းသည်။ ရွှေတောင်မြို့နယ်သည် အရှေ့ဘက်တွင် သဲကုန်းမြို့နယ်၊ တောင်ဘက်တွင် မိုးညိုမြို့နယ်နှင့် နတ်တလင်းမြို့နယ်၊ အနောက်ဘက်တွင် ပန်းတောင်းမြို့နယ်၊ မြောက်ဘက်တွင်ပြည်မြို့နယ်နှင့် ထိစပ်နေသည်။ ရွှေတောင်မြို့နယ်၏ လူဦးရေသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် ဦးရေ ၁၃၃၂၃၀ ဖြစ်သည်။

ရွှေတောင်မြို့နယ်ရှိ ရွှေနတ်တောင်ဘုရားနှင့် ရွှေမျက်မှန်ဘုရားတို့ကို ဘုရားဖူးခရီးသွားများ သွားရောက်ဖူးမြော်လေ့ရှိကြသည်။ ထို့အတူ ရန်ကုန်-ပြည်မော်တော်ကားလမ်း ဘေးတစ်ဖက်တစ်ချက်တွင် တည်ရှိနေသည့် နေထွက်သိမ်နှင့် မွန်းတည့်သိမ်တို့ကိုလည်း ဝင်ရောက်လေ့လာနိုင်ကြပေသည်။ နေထွက်သိမ်သည် မော်တော်ကားလမ်း၏ အရှေ့ဘက်တွင် တည်ရှိ၍ မွန်းတည့်သိမ်သည် မော်တော်ကားလမ်း၏ အနောက်ဘက်တွင် တည်ရှိသည်။

**နေထွက်သိမ်**

နေထွက်သိမ်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပြည်ဌာနခွဲ)က ၂၀၁၄ ခုနှစ် မတ် ၁၈ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ နေထွက်သိမ်ကို မတွေ့ရှိမီက ရွှေတောင်မြို့ဝန်ဦးမှုံမိသားစု လှူဒါန်းခဲ့သည့်ကမ္ပည်းစာပါရှိသော သစ်သားပြားတစ်ခုကို ချုံနွယ်များကြားမှ ရရှိခဲ့သည်ဟုဆိုသည်။ မွန်းတည့်သိမ်ကိုလည်း ဦးမှုံမိသားစုကပင် လှူဒါန်းခဲ့သည်ဟု ဒေသခံများက ယုံကြည်ကြသည်။ သို့သော်ခိုင်မာသောမှတ်တမ်းအထောက်အထားကို မတွေ့ရှိရသေးချေ။

နေထွက်သိမ်ကိုတွေ့ရှိခဲ့စဉ်က သိမ်ဟောင်းရှိသည့်နေရာသည် ချုံနွယ်များအလွန်ထူထပ်နေသဖြင့် မီးရှို့ပြီး အပင်များကိုခုတ်ထွင်ရှင်းလင်းခဲ့ရသည်။ သိမ်ဝင်ပေါက်သုံးဖက်သည် ကျိုးပဲ့ပျက်စီးနေကာ အဆောက်အအုံသည် အုတ်ပုံတစ်ခုဖြစ်နေခဲ့သည်။ အဆောက်အအုံပတ်လည်တွင် အင်ကြင်းကျောက်နှင့် သဲကျောက်သိမ်တိုင်အကျိုးများကိုတွေ့ရှိရသဖြင့် သိမ်ဟုယူဆနိုင်ခဲ့ကြသည်။

သိမ်အဆောက်အအုံ ပေါ်လာသည့်အခါတွင် ရဟန္တာရုပ်ပွားတော်ဟုယူဆရသည့် ဆင်းတုအဆူ ၈၀ ကို သိမ်အဆောက်အအုံမဟာရံတံတိုင်းလေးဖက်၌ တစ်ဖက်လျှင် အဆူ ၂၀ စီတွေ့ရှိခဲ့သည်။ ပင်မအဆောက်အအုံဘေးနံရံရှိ ဆင်းတုရုပ်ပွားများမှာမူ ကျိုးပဲ့ကာ ကွာကျနေကြသည်။

၎င်းအဆောက်အအုံသည် မှတ်တမ်းများအရ ရွှေတောင်မြို့ဝန်ဦးမှုံ တည်ဆောက်လှူဒါန်းခဲ့သည့် နေထွက်သိမ်ဖြစ်၍ အနောက်ဘက်၊ မြောက်ဘက်နှင့် တောင်ဘက်တွင်သာ ဝင်ပေါက်ပါရှိသည်။ အရှေ့ဘက်သည် နံရံအပိတ်ဖြစ်၍ သိမ်အတွင်းပိုင်း အရှေ့ဘက်နံရံတွင် ဗုဒ္ဓဆင်းတုတော်သုံးဆူရှိခဲ့သည်။ စတင်တွေ့ရှိချိန်က ရုပ်ပွားတော်များသည် ကျိုးပဲ့နေကြကာ ဦးခေါင်းတော် သုံးဆူကိုတွေ့ရှိခဲ့သည်။

**ပြန်လည်တည်ဆောက်ခဲ့သည့် နေထွက်သိမ်**

ပြိုကျပျက်စီးနေသည့်နေထွက်သိမ်ကို ပြန်လည်တည်ဆောက်ချိန်တွင် တောင်ဘက်မုခ်ပေါက်တွင် မူလက ရှိခဲ့သည်ဟုယူဆရသည့် မုခ်ပေါင်းကူးပုံသဏ္ဍာန်အတိုင်း မုခ်ခုံးကို လူတစ်ယောက်ကုန်းပြီးဝင်ထွက်နိုင်သည့်အရွယ် တည်ဆောက်ထားကြောင်းတွေ့ရှိရသည်။ အနောက်ဘက်မုခ်ဝင်ပေါက်ကိုလည်း သရက်ကင်းလှေကား နှစ်ဆင့်ဖြင့် ပြန်လည်တည်ဆောက်ထားသည်။

သိမ်ဝင်ပေါက်သုံးခုအနက် မြောက်ဘက်မုခ်ရှိ အုတ်လှေကားများမှာ လုံးဝပျက်စီးနေပြီဖြစ်သည်။ သို့သော် မူလအုတ်လှေကားများသည် အနောက်ဘက်၌ မြောက်ဘက်နံရံတွင် ၁၃ လှေကား၊ တောင်ဘက်နံရံတွင် ၁၄ လှေကားကျန်ရှိနေသည်။ ထို့အတူ အရှေ့ဘက်၌ အုတ်လှေကားများပိုမိုကျန်ရှိနေကာ မုခ်ပေါက်တစ်ဖက်စီတွင် မြောက်ဘက်၌ အလှေကား ၃၀ နှင့် တောင်ဘက်၌ ၂၇ လှေကားကျန်ရှိနေသည်။

နေထွက်သိမ်မဟာရံတံတိုင်းသည် အရှေ့အနောက် ပေ ၁၁၀ နှင့် တောင်မြောက် ၁၁၂ ပေ ရှည်လျားသည်။ တံတိုင်းပတ်လည်တွင် တံတိုင်းကိုကျောပြုလျက် မျက်နှာတစ်ဖက်စီတွင် ရဟန္တာရုပ်တု ၂၀ စီကိုထားရှိခဲ့သဖြင့် စုစုပေါင်း ရုပ်တု ၈၀ ရှိသည်။ ရဟန္တာရုပ်တုများတင်ထားသည့် ခုံလုံးသည် မြေပြင်မှ လေးလက်မသာမြင့်သည်။ နေထွက်သိမ်ကို တွေ့ရှိခဲ့ချိန်က ရဟန္တာရုပ်တုတချို့သည် မူလလက်ရာအတိုင်းရှိနေ၍ အချို့ရုပ်တုများက ပျက်စီးနေခဲ့သည်။

ပြန်လည်တည်ဆောက်ထားသည့် နေထွက်သိမ်သည် အရှေ့မှအနောက်သို့ ၃၀ ဒသမ ၇၅ ပေနှင့် တောင်မှ မြောက်သို့ ၁၄ ဒသမ ၆ ပေရှည်သည်။ သိမ်ပတ်လည်ရှိ မူလသိမ်တိုင်များကို ပယ်နုတ်ထားခြင်းမရှိသဖြင့် ယနေ့တိုင်မြင်တွေ့ကြရကာ အရှေ့ဘက်ခြမ်းတွင် လေးတိုင်၊ တောင်ဘက်ခြမ်းတွင်ခြောက်တိုင်နှင့် မြောက်ဘက်ခြမ်းတွင် တစ်တိုင်ရှိသည်။ အနောက်ဘက်ခြမ်းတွင် သိမ်တိုင်များမရှိချေ။ သိမ်အဆောက်အအုံကို ကျန်ရှိခဲ့သည့်အုတ်လှေကားများပေါ်တွင် အုတ်သစ်များစီကာ တည်ဆောက်ခဲ့သည်။ အတွင်းပိုင်းအမြင့်သည် ပေ ၃၀ စွန်းစွန်းရှိမည်ဟု ခန့်မှန်းရသည်။

**ရဟန္တာ ၈၀**

နေထွက်သိမ်တွင်တွေ့ရှိခဲ့သည့် ရဟန္တာရုပ်တုများသည် ပလ္လင်ပေါ်တွင် ပုဆစ်တုပ်ထိုင်နေကြဟန်များဖြစ်သည်။ လက်များကို ပေါင်နှစ်ဖက်ပေါ်တွင် မှောက်လျက်တင်ထားသည်။ ရုပ်တုများထိုင်နေသည့်ဟန်သည် အမျိုးသမီးထိုင်နေဟန်နှင့်တူနေသဖြင့် ရဟန္တာထေရီမရုပ်တုများဟု ယူဆဖွယ်ရှိခဲ့သည်။ သို့သော် ရုပ်တုများတွင် ရင်သားများမို့မောက်ခြင်းမရှိသဖြင့် တိကျစွာပြောဆိုနိုင်ခြင်းမရှိချေ။

ရုပ်တုများအားလုံးသည် မျက်လွှာကိုချထားကာ တရားရှုမှတ်နေသည့်အသွင်ဖြစ်သည်။ ရဟန္တာရုပ်တုများ၏ ပျမ်းမျှအမြင့်သည် ၂၂ လက်မဖြစ်သည်။ နေထွက်သိမ်၏ မဟာရံတံတိုင်းတောင်ဘက်ရှိ ရဟန္တာရုပ်တုများအနက် ရုပ်တုကိုးဆူသည် လေးထောင့်ပုံကြာပလ္လင်တွင် ထိုင်တော်မူနေကြပြီး ကျန်မျက်နှာစာများရှိ ရုပ်တုများသည် ကြာပလ္လင်အဝိုင်းပေါ်တွင် ထိုင်နေကြသည်။

ထူးခြားသော ရဟန္တာရုပ်တုတစ်ဆူသည် မဟာရံတံတိုင်းအနောက်ဘက်တွင်တည်ရှိကာ ဝမ်းဗိုက်ကသိသိသာသာဖောင်းနေသဖြင့် ဗိုက်ပူရဟန္တာရုပ်တုဟု ယူဆမှုများရှိခဲ့သည်။ ၎င်းရဟန္တာရုပ်တုသည် ဉာဏ်တော် ၂၉ လက်မရှိသည်။

နေထွက်သိမ်၏ အရှေ့မြောက်ထောင့် မဟာရံတံတိုင်းအပေါ်ပိုင်းတွင် မုခ်ကပ်ပါရှိသည့် အုတ်ပြာသာဒ်တစ်ခုကိုတွေ့ရှိရသည်။ မူလလက်ရာဟု ယူဆရသည့် ၎င်းအုတ်ပြာသာဒ်တွင် ညာခြေလှမ်းနေဟန် ထုလုပ်ထားသည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူရှိရာ ဉာဏ်တော် ၅၂ ဒသမ ၇၅ လက်မရှိ၍ အနောက်တောင်ဘက်သို့ မျက်နှာမူနေသည်။ ၎င်းပြာသာဒ်၏ ဘေးနှစ်ဖက်နှင့်ကျောဘက်တွင် မူလအင်္ဂတေပန်းတော့လက်ရာများကျန်ရှိနေသည်။

**နေထွက်သိမ်အနီးမှ ဓာတ်ဟောင်းများ**

ရဟန္တာ ၈၀ ရုပ်တုများရှိသည့် နေထွက်သိမ်၏

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်ထိ မြဝတီကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၃၂၈ သန်း ဆောင်ရွက်နိုင်ခဲ့

**ဘားအံ ဇွန် ၆**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်ထိ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုတွင် မြဝတီကုန်သွယ်ရေးဇုန်က ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၃၂၈ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သည်ကြီးများအသင်း(ကရင်ပြည်နယ်)မှ အလုပ်အမှုဆောင် ဦးစောကဘော်ထူးက ပြောပြ၍ သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်က ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ယခုနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်ထိ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၂၉၃ သန်းနှင့်သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၀၃၅ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၃၂၈ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"လတ်တလော မြန်မာ-ထိုင်း နှစ်နိုင်ငံ နေ့စဉ်ကုန်သွယ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ငါးသန်းကနေ ရှစ်သန်းထိရှိနေပြီး နယ်စပ်ငွေဈေးနှုန်းအနေနဲ့ ဖေဖော်ဝါရီလဒုတိယပတ်က ထိုင်းဘတ်ငွေ တစ်ဘတ်ကို မြန်မာငွေ ၈၅ ဒသမ ၄၇ ကျပ်ထိရှိပြီး အခု ထိုင်းဘတ်ငွေတစ်ဘတ်ကို မြန်မာငွေ ၈၄ ဒသမ ၀၃ ကျပ်ဖြစ်လာလို့ ငွေဈေးအနည်းငယ်ပြန်ကျလာတယ်။ ဒါကြောင့် သွင်းကုန်တွေ ပိုမိုတင်သွင်းနေပါတယ်"ဟု ဦးစောကဘော်ထူးက ပြောပြသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ မြဝတီကုန်သွယ်ရေးဇုန်က နေ့စဉ်ပို့ကုန်သွင်းကုန်ကားအစီးရေ ၅၀၀ ကျော်ဖြင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် သွင်းကုန်များအနေဖြင့် ဆေးနှင့် ဆေးဝါးဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းကိရိယာများအပါအဝင် စားသောက်ကုန်များကို တင်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံ၏ အဓိကပို့ကုန်အနေဖြင့် ပြောင်း၊ ပီလောပီနံ၊ ကြက်သွန်၊ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်များကို တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် မြဝတီကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မောတောင်နယ်စပ် ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စသည့်နယ်စပ်ကုန်သွယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ ASH



➤ စာမျက်နှာ ၄ မှအဆက်

ကျောဘက်၊ အရှေ့အရပ်တွင် ပြိုပျက်နေသည့် စေတီဟောင်းများနှင့် ညောင်ပင်များဝါးမျိုထားသည့် စေတီဟောင်းများရှိရာ မိမိတို့ရောက်ရှိချိန်တွင် ငါးဆူကိုင့်၍ အသစ်တည်ထားပြီးဖြစ်သည်။ မပြုပြင်ရသေးသည့် စေတီဟောင်းများလည်းကျန်ရှိနေသည်။

ပြုပြင်ထားသည့်စေတီများအနက် တိုင်းပြည်သုခချမ်းသာရဘုရားကြီးဟု ဆိုင်းဘုတ်ရေးထားသည့်စေတီကို ဖူးမြော်ရသည်။ အဆိုပါစေတီကို မပြုပြင်မီ စေတီဟောင်းနေရာမှ ကမ္ပည်းစာများရေးထားသည့် ကြေးပြားတစ်ခုကိုတွေ့ရှိခဲ့သဖြင့် ရဟန္တာ ၈၀ သိမ်တော်၊ ရုပ်ပွားတော်နှင့် စေတီတော်များပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က သိမ်းဆည်းထားခဲ့သည်။ အဆိုပါကြေးပြားပေါ်တွင် ကောဇာသက္ကရာဇ် ၁၂၀၀ ခုနှစ်၊ ဦးမှုံ-ဒေါ်ဖူးတို့တည်ခဲ့ရာ ပျက်စီး၍ ပန်းရံဆရာ ကိုစံတုတ်၊ ပန်းတင်းဆရာဦးမြစ်တို့အား လက်ခငွေဒင်္ဂါး ၁၅၀၀ ကျပ်ပေး၍ ပြည်မြို့နေ ဦးစံညွန့်-ဒေါ်ပုသားသမီးမိသားစုနှင့် ကသစ်တိုင်းသူကြီး ဦးထွန်းဇံ-ဒေါ်ငွေ သားသမီးမိသားစုတို့က ထပ်မံပြုပြင်ရာ ကောဇာသက္ကရာဇ် ၁၂၈၈ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်တွင် ထီးတော်နှင့် မဟာရံတံတိုင်းတို့ကို အောင်မြင်ခဲ့ပါသည်။ တိုင်းပြည်သုခချမ်းသာရဘုရားကြီးဟုသမုတ်၍ နောင်ပြုပြင်မည့်သူများ သာဓုခေါ်ဆိုကြစေသော်ဟု ဖတ်ရှုရသည်။ (မူရင်းသတ်ပုံအတိုင်းဖြစ်ပါသည်။) ကြေးစာမှတ်တမ်းအရ မူလဘုရားကြီးကို သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင်တည်ခဲ့သဖြင့် ကုန်းဘောင်ဆက် သာယာဝတီမင်းလက်ထက်ဖြစ်ကာ ယခုအချိန်တွင် သက်တမ်းသည် ၁၈၅ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

နေထွက်သိမ်မှရရှိခဲ့သော အင်္ဂတေပန်းတော့လက်ရာများ၊ စာပါသည့်အုတ်ချပ်နှင့် ရောင်ခြည်ဖြာပေါင်းကူးသပ်အုတ်များကို ဂေါပကအဖွဲ့က သိမ်းဆည်းထားသည်။ တိုင်းပြည်သုခချမ်းသာရမှတ်တမ်းပါရှိသာ ကြေးပြားကို ဂေါပကအဖွဲ့ဝင်များက ထုတ်ပြခဲ့သဖြင့် ဌာပနာထည့်သွင်းခြင်းမပြုဘဲ ထိန်းသိမ်းထားသင့်ကြောင်း အကြံပြုခဲ့သည်။

ပျူမြို့ဟောင်းသရေခေတ္တရာနှင့် အလွန်မကွာဝေးသည့် ရွှေတောင်မြို့နယ်တွင် ပျူယဉ်ကျေးမှုအထောက်အထားများကို မတွေ့ရှိရသေးသော်လည်း ရှေးဟောင်းသိမ်များနှင့် ရဟန္တာရုပ်တုများသည် သုတေသီများစိတ်ဝင်စားသည့်နေရာများဖြစ်လာခဲ့ကြပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)**
- **ရွှေတောင်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
- **မြန်မာ့ရက်စွဲသမိုင်း(ဦးတိက္ခမေဓာလင်္ကာရနှင့် ဒေါက်တာသန်းထွန်း)**
- **ရွှေတောင်မြို့နယ်ရှိ သိမ်တိုက်ဟောင်းများလေ့လာချက်စာတမ်း (နော်ပိုးဝါ)**

## ဂုဏ်သတင်းကျော် ပန်းမော်ဆရာတော်

- ပန်းမော်ဆရာတော်၊ ဂုဏ်သတင်းကျော်၍
  ပျံတော်မူရ၊ နှမြောလှ၏
  ဖွားစတည်ရာ၊ မြို့တောင်သာဟု
  ရွာမှာရဘဲ၊ နေကာစွဲလို့
  ကံမြဲကျောင်းဝယ်၊ ဥပဇ္ဈာယ်ဖြင့်
  ငယ်ရွယ်ပျိုမျစ်၊ ရဟန်းဝတ်သည်
  ဖွေလှစ်ပညာ၊ သင်ယူရာတည်း။

- စာကိုကြိုးစား၊ ဘွဲ့တံဆိပ်များ၍
  တစ်ပါးတည်းသာ၊ ထွန်းတောက်ပါလို့
  စာမှာပါဠိ၊ သိရောမဏိနှင့်
  အဘိဓာန်ကျမ်း၊ ပြုကာဆန်းတည့်
  ကြိုးပမ်းပါရဂူ၊ ရတော်မူသည်
  ဇမ္ဗူကျော်ကြား၊ တတ်သိပြားတည်း။

- အလွန်ခက်ခဲ၊ စာမေးပွဲဟု
  ဆင်နွဲကျင်းပ၊ သကျသီဟကို
  စာချသင်ကြား၊ နှစ်မခြားလို့
  ရငြားဝင့်သကာ၊ ဘွဲ့တော်မဟာနှင့်
  ဓမ္မာစရိယ၊ ထူးချွန်လှ၍
  ဆဋ္ဌသင်္ဂါ၊ တင်သောအခါဝယ်
  ကြာရာငါးနှစ်၊ ဋီကာစစ်သည်
  စနစ်တာဝန်၊ ကျေပွန်ကာတည်း။

- သံဃာ့နာယက၊ ဥက္ကဋ္ဌဟု
  ကျရာသမ္မစဉ်၊ သူခင်မင်၍
  စာသင်လို့ကောင်း၊ မင်းကွန်းကျောင်း၌
  နှစ်ပေါင်းရှည်ကြာ၊ ငါးနှစ်တာဖြင့်
  ဘာသာဗေဒ၊ ပါမောက္ခဟု
  ထေရတက္ကသိုလ်၊ မြကျွန်းညိုဝယ်
  ကွန်းခိုဖွင့်လှစ်၊ ဆယ့်တစ်နှစ်တည်း။

- သြော်. . .
  သင်္ခါရသဘော၊ အနတ္တတောဟု
  ကျယ်ပြောကာမျှ၊ ဘုံဘဝတွင်
  နာမကျော်ကြား၊ ဆရာတော်ဘုရား၏
  ထင်ရှားဉာဏ်တော်၊ ဦးခေါင်းတော်ကို
  ပူဇော်သည့်အလား၊ ရှေကွပ်ထား၍
  အများဒါယကာ၊ တောင်းဆုဖြာသည်
  ကောင်းရာသုခ၊ ရပါစေ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကာ၊လက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ဂျပန်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်ဒေသတို့၌ ရုရှားနှင့်တရုတ် လေကြောင်းပူးတွဲကင်းလှည့်မှုပြုလုပ်



**ပေကျင်း ဇွန် ၆**

တရုတ်နှင့် ရုရှားလေတပ်တို့မှ စစ်လေယာဉ်များသည် ဂျပန်ပင်လယ်ဒေသနှင့် အရှေ့တရုတ်ပင်လယ်ဒေသတို့၌ ယနေ့တွင် ပူးတွဲကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အာရှ-ပစိဖိတ်ဒေသ၌ အမေရိကန်နိုင်ငံနှင့် မဟာမိတ်များ၏ စစ်ရေးလှုပ်ရှားမှုများ၊ စစ်ရေးလေ့ကျင့်မှုများ မြင့်တက်လာချိန်တွင် တရုတ်နှင့်ရုရှားတို့က ပူးတွဲလေကြောင်းကင်းလှည့်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့်ရုရှားနှစ်နိုင်ငံ နှစ်စဉ်စစ်ရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်စစ်လေယာဉ်များနှင့် ရုရှားစစ်လေယာဉ်များသည် ယနေ့တွင် ဂျပန်ပင်လယ်ဒေသနှင့် အရှေ့တရုတ်ပင်လယ်ဒေသတို့၌ ပူးတွဲလေကြောင်းကင်းလှည့်မှု ပြုလုပ်ခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ပူးတွဲလေကြောင်းကင်းလှည့်မှုများကို ၂၀၁၉ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး ယနေ့ ပူးတွဲကင်းလှည့်မှုမှာ ဆဋ္ဌမမြောက် ပူးတွဲကင်းလှည့်မှုဖြစ်သည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် နောက်ဆုံးတစ်ကြိမ်ပူးတွဲလေကြောင်းကင်းလှည့်မှုပြုလုပ်ခဲ့သည်။

ထိုစဉ်က ရုရှားနှင့် တရုတ် မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့် တိုက်လေယာဉ်များသည် တောင်ကိုရီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန်အတွင်း ဝင်ရောက်ခဲ့ရာ တောင်ကိုရီးယားနိုင်ငံက တိုက်လေယာဉ်များအရေးပေါ်စေလွှတ်ခဲ့ရကြောင်း သိရသည်။

KKO

## ဆေးဝါးအမျိုးအစား ၆၀ တို့၏ဈေးနှုန်း ၁၆ ရာခိုင်နှုန်းလျှော့ချရန် သီရိလင်္ကာအစိုးရစီစဉ်

**ကိုလံဘို ဇွန် ၆**

ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော ဆေးအမျိုးအစား ၆၀ တို့၏ ဈေးနှုန်းများကို ဇွန် ၁၅ ရက်မှစ၍ ၁၆ရာခိုင်နှုန်းပြန်လည်လျှော့ချပေးရန် သီရိလင်္ကာအစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ် ၇၀ အတွင်း အဆိုးရွားဆုံး ဘဏ္ဍာရေး အကျပ်အတည်း အနည်းငယ် လျော့ပါးလာချိန်တွင် အရေးကြီးသည့် ဆေးဝါးများ၏ ဈေးနှုန်းများကို ပြန်ချပေးရန် သီရိလင်္ကာအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဘဏ္ဍာရေး အကျပ်အတည်း အပြင်းထန်ဆုံး ကာလအတွင်း ဆေးဝါးများဈေးနှုန်းကို မြှင့်တင်ပေးခဲ့ရကြောင်း၊ သို့ရာတွင် ဇွန် ၁၅ ရက်မှစ၍ အရေးကြီးသည့် ဆေးဝါး ၆၀ တို့၏ဈေးနှုန်းကို ၁၆ ရာခိုင်နှုန်းပြန်ချပေးမည် ဖြစ်ကြောင်း သီရိလင်္ကာ ကျန်းမာရေးဝန်ကြီး ကီဟီလီယာရမ်ဘတ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရယူနိုင်ခဲ့ပြီး ငွေတန်ဖိုးဖောင်းပွမှုကိုလည်းလျှော့ချနိုင်ခဲ့ရာ ပြီးခဲ့သည့် ကိုးလတာကာလအတွင်း ဘဏ္ဍာရေးအကျပ်အတည်းလျော့ပါးစပြုလာခဲ့သည်။

ငွေကြေးစနစ်တန်ဖိုးခိုင်မာလာမှုနှင့်အတူ သီရိလင်္ကာနိုင်ငံသည် ကုန်ပစ္စည်းအမျိုးအမည် ၃၀၀ မှ ၄၀၀ ထိ အရေးပေါ် ချမှတ်ထားသော သွင်းကုန် ကန့်သတ်ချက်များကို ဖျက်သိမ်းရန်လည်း စီစဉ်ထားသည်။

သီရိလင်္ကာနိုင်ငံသည် အဆိုပါ သွင်းကုန် ကန့်သတ်ချက်များကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် စတင်ကျင့်သုံးခဲ့ကြောင်း သိရသည်။

KKO



## အိန္ဒိယနိုင်ငံရှိ တည်ဆောက်ဆဲမြစ်ကူးကြိုးဆိုင်းတံတား ၁၄ လတာကာလအတွင်း ဒုတိယအကြိမ်ပြိုကျ

**ဒေလီ ဇွန် ၆**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ တည်ဆောက်နေသော ကြိုးဆိုင်းတံတား တစ်စင်းသည် ၁၄ လတာကာလအတွင်း ဒုတိယအကြိမ် ပြိုကျခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါကြိုးဆိုင်းတံတားပြိုကျမှုကြောင့် လူတစ်ဦး ပျောက်ဆုံးနေကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါတံတားသည် ဘီဟာပြည်နယ် ဘာဂယ်လ်ပူရ်ခရိုင်အတွင်း၌ ဂင်္ဂါမြစ်ကိုကျော်ဖြတ်တည်ဆောက်နေသော မြစ်ကူးကြိုးဆိုင်းတံတား ဖြစ်သည်။

၎င်း မြစ်ကူးကြိုးဆိုင်းတံတားသည် ဇွန် ၄ ရက်တွင် ပြိုကျခဲ့ရာ လူတစ်ဦး ပျောက်ဆုံးနေကြောင်း အိန္ဒိယမီဒီယာများ၏ အဆိုအရ သိရသည်။

တည်ဆောက်ဆဲ အခြေအနေတွင်သာရှိသေးသည့် အဆိုပါ မြစ်ကူး ကြိုးဆိုင်းတံတားသည် ပြီးခဲ့သည့်နှစ် ဧပြီလကလည်း လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပြိုကျခဲ့ဖူးသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ဂူဂျာရတ်ပြည်နယ်အတွင်းရှိ မြစ်ကူးကြိုးဆိုင်းတံတားတစ်စင်း ဆိုင်းကြိုးများ ပြတ်ကျခဲ့ရာ လူပေါင်း၁၃၅ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

## ဆော်ဒီအာရေဗျရှိ သံရုံးနှင့်ကောင်စစ်ဝန်ရုံးများ ယခုရက်သတ္တပတ်အတွင်း အီရန်နိုင်ငံ ပြန်ဖွင့်မည်

**တီဟီရန် ဇွန် ၆**

ဆော်ဒီအာရေဗျနိုင်ငံရှိ အီရန်သံရုံးနှင့် ကောင်စစ်ဝန်ရုံးများကို ယခုရက်သတ္တပတ်အတွင်းပြန်လည်ဖွင့်လှစ်ရန် အီရန်အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု တရားဝင် ပြန်လည်စတင်ရေး သဘောတူညီချက်အရ ရီယာ့ဒ်မြို့ရှိ အီရန်သံရုံး၊ ဂျက်ဒါးမြို့ရှိ ကောင်စစ်ဝန်ရုံးနှင့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)ဆိုင်ရာ အီရန်ကိုယ်စားလှယ်ရုံးများကို ယခုရက်သတ္တပတ်အတွင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ဇွန် ၅ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါသံရုံးနှင့် ကောင်စစ်ဝန်ရုံးများကို ယနေ့နှင့် ဇွန် ၇ ရက်တို့တွင်ဆက်တိုက်ဖွင့်လှစ်ရန် အီရန်အစိုးရက စီစဉ်ထားသည်။

ရှီးယိုက်စ်မွတ်စလင် တရားဟောဆရာတစ်ဦး ဆော်ဒီအာရေဗျ၌ ကွပ်မျက်ခံရမှုကိုအကြောင်းပြု၍ ၂၀၁၆ ခုနှစ်အတွင်း တီဟီရန်မြို့ရှိ ဆော်ဒီသံရုံးစီးနင်းဖျက်ဆီးခံခဲ့ရပြီးနောက် အီရန်နှင့်ဆော်ဒီအာရေဗျတို့ကြား သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ရသည်။

သို့သော် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်ထားရှိရန် ဆော်ဒီနှင့်အီရန်တို့က တရုတ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ယခုနှစ် မတ်လအတွင်း သဘောတူညီချက်ရယူနိုင်ခဲ့သည်။

အီရန်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံသို့စေလွှတ်မည့် အီရန်သံအမတ်ကြီး၏အမည်ကို ပြီးခဲ့သည့်လကပင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။ KKO

## အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်အဖြစ် ကြေညာထားသောဒုံးကျည်သစ် အီရန်နိုင်ငံထုတ်ဖော်ပြသ




**တီဟီရန် ဇွန် ၆**

ပထမဆုံးပြည်တွင်းဖြစ် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်အဖြစ် ကြေညာထားသော ဒုံးကျည်အမျိုးအစားသစ်ကို အီရန်နိုင်ငံက ယနေ့တွင် ပြသခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖတ်တားဟူ၍ အမည်ပေးထားသည့် အဆိုပါဒုံးကျည်သစ်ကို သမ္မတ အက်ဘရာဟင်ရိုင်စီနှင့် တော်လှန်ရေးအစောင့်တပ် ထိပ်တန်းတပ်မှူးများတက်ရောက်ခဲ့ကြသော အခမ်းအနားတစ်ခုတွင် အီရန်စစ်ဘက်က ပြသခဲ့ခြင်းဖြစ်သည်။

ဖတ်တားဒုံးကျည်သည် ကာကွယ်ရေးစနစ်အားလုံးကိုကျော်ဖြတ်နိုင်သည့် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်ဖြစ်ကြောင်း အီရန်အစိုးရမီဒီယာများက ကြေညာထားသည်။

ဟိုက်ပါဆိုးနစ်ဒုံးကျည်များသည် အသံ၏မြန်နှုန်းထက် အနည်းဆုံး ငါးဆပိုသောအမြန်နှုန်းဖြင့် ပျံသန်းနိုင်သော ဒုံးကျည်များဖြစ်ကြသည်။


ကမ္ဘာ့လေထုလွှာအတွင်းနှင့် လေထုလွှာပြင်ပတို့၌ ပျံသန်းနိုင်သော ဟိုက်ပါဆိုးနစ် တိုက်ချင်းပစ်ဒုံးကျည်တစ်မျိုး တည်ဆောက်နေကြောင်း အီရန်နိုင်ငံက ပြီးခဲ့သည့်နှစ်ကပင် ကြေညာထားသည်။

ဖတ်တား ဒုံးကျည်ကြောင့် အီရန်၏ ဒုံးကျည်စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများ၏ စိုးရိမ်ပူပန်မှုပိုမိုကြီးမားလာနိုင်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပ၌ သက်ရှိများ ရှိ၊ မရှိ ရှာဖွေရေးအတွက် အလားအလာရှိသည့်နယ်မြေများ နဂါးငွေ့တန်းကြယ်စုအတွင်း ရှိနေ



**ဝါရှင်တန် ဇွန် ၆**

နေအဖွဲ့အစည်းပြင်ပ၌ သက်ရှိများ ရှိ၊ မရှိ ရှာဖွေရေးအတွက် အလားအလာရှိသည့် ပစ်မှတ်နယ်မြေ သန်းရာပေါင်းများစွာတို့မှာ နဂါးငွေ့တန်းကြယ်စုအတွင်း ပါရှိနေကြောင်း The Daily Mail သတင်းစာက ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကတ်ပလာအာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ အနီရောင်ကြယ်သိမ်များကို လှည့်ပတ်နေသောဂြိုဟ်များကို လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များအရ အနီရောင်ကြယ်သိမ်များကို လှည့်ပတ်နေသည့် ဂြိုဟ်သုံးပုံတစ်ပုံတို့မှာ သက်ရှိများကို လက်ခံနိုင်သည့် အခြေအနေမျိုးရှိကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စုအတွင်း ကြယ်ပေါင်း ဘီလီယံ ၁၀၀ နှင့် ၄၀၀ ကြားရှိနိုင်ရာ အတွေ့ရအများဆုံးကြယ်များမှာ ဖြပ်ထုနည်း၍ အထိုက်အလျောက် အေးမြသော အနီရောင်ကြယ်သိမ်များဖြစ်ကြကြောင်း သိရသည်။

အဆိုပါ အနီရောင်ကြယ်သိမ်များကို လှည့်ပတ်နေကြသည့် ဂြိုဟ်သန်းရာပေါင်းများစွာတို့မှာ နေအဖွဲ့အစည်းပြင်ပ၌ သက်ရှိများကို ရှာဖွေရေးအတွက် အလားအလာရှိသောနေရာများဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ကြယ်များအနက် ၇၅ ရာခိုင်နှုန်းခန့်မှာ အနီရောင်ကြယ်သိမ်များဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

KKO

## ကျုံ့နိုင်၊ ဖြန့်ထုတ်နိုင်သော အပူဒဏ်ကာဒိုင်းစနစ်တစ်ခုကို ဗြိတိန်နိုင်ငံအခြေစိုက် ပုဂ္ဂလိကအာကာသကုမ္ပဏီတစ်ခု စမ်းသပ်မည်

**လန်ဒန် ဇွန် ၆**

ဗြိတိန်နိုင်ငံအခြေစိုက်ပုဂ္ဂလိကအာကာသကုမ္ပဏီ တစ်ခုသည် စက္ကူခေါက်ချိုး အရုပ်များကဲ့သို့ ကျုံ့ဝင်နိုင်၊ ဖြန့်ထုတ်နိုင်သော အာကာသယာဉ် အပူဒဏ်ကာဒိုင်းစနစ်တစ်ခုကို စမ်းသပ်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါအပူဒဏ်ကာ ဒိုင်းစနစ်ကို ဗြိတိန်နိုင်ငံ ကာဒစ်မြို့အခြေစိုက် Space Forge အမည်ရှိ ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Space Forge ကုမ္ပဏီသည် Pridwen ဟူ၍ အမည်ပေးထားသည့် အဆိုပါအပူဒဏ်ကာ ဒိုင်းစနစ်ကို ယခုနှစ်ကုန်ပိုင်းတွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။



လွှတ်တင်ပြီးနောက် စမ်းသပ်မှုတွင် ပါဝင်သောအာကာသယာဉ်သည် တပ်ဆင်ထားသည့် Pridwen အပူဒဏ်ကာ ဒိုင်းစနစ်ကို ဖြန့်ထုတ်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီသည်လည်း LDFTID အမည်ရှိ အပူဒဏ်ကာဒိုင်းစနစ်ကို ၂၀၂၂ ခုနှစ်အတွင်း စမ်းသပ်ခဲ့ဖူးသည်။

Space Forge ကုမ္ပဏီသည် Pridwen အပူဒဏ်ကာဒိုင်းကို အပူဒဏ်ခံနိုင်စွမ်း မြင့်မားသော သတ္တုစပ်လွှာတစ်မျိုးဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

KKO

## V2 Mini အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို ဇွန် ၄ ရက်က Space-X ကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၆**

Space-X ကုမ္ပဏီသည် V2 Mini အမျိုးအစား အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၂ စင်းကို ဇွန် ၄ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး တစ်နာရီကျော်အကြာတွင် V2 Mini ဂြိုဟ်တု ၂၂ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

V2 Mini အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များသည် Space-X ကုမ္ပဏီက ယခင်လွှတ်တင်ထားသည့် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများထက် စွမ်းဆောင်ရည် ပိုမြင့်မားသည့် ဂြိုဟ်တုများဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် လက်ရှိအချိန်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအစင်း ၄၀၀၀ ကျော်ကို လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## NSCLC အဆုတ်ကင်ဆာလူနာများသေဆုံးနိုင်ခြေကို Tagrisso ဆေးက လျှော့ချပေးနိုင်

**လန်ဒန် ဇွန် ၆**

ဗြိတိန်နိုင်ငံအခြေစိုက် Astra Zeneca ဇီဝနည်းပညာကုမ္ပဏီ၏ Tagrisso အမည်ရှိ ဆေးတစ်မျိုးသည် NSCLC Lung Cancer ခေါ် အဆုတ်ကင်ဆာရောဂါတစ်မျိုး ခံစားနေရသူလူနာများ သေဆုံးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း Reuters သတင်းဌာနက ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Astra Zeneca ကုမ္ပဏီမှ သုတေသန ပညာရှင်များသည် NSCLC အဆုတ်ကင်ဆာလူနာ ၆၈၂ ဦးဖြင့် Tagrisso ဆေး၏ အာနိသင်ကို စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသောရလဒ်များအရ Tagrisso ဆေးသည် လူနာများအသက်ဆုံးပါးနိုင်ခြေကို ၅၁ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

NSCLC အဆုတ်ကင်ဆာကို ကုသရာတွင် ဓာတုကုထုံးမှတစ်ပါး ထိရောက်မှုရှိသည့် ဆေးဟူ၍ Tagrisso ဆေးသာရှိသေးကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

NSCLC အဆုတ်ကင်ဆာလူနာအများစုသည် ခွဲစိတ်ကုသခြင်း၊ ဓာတုကုထုံးရယူခြင်းပြုလုပ်ခဲ့လျှင်ပင် ရောဂါဖြစ်ပေါ်လာမှုဖြင့် ရင်ဆိုင်ရတတ်သည်။

Tagrisso ဆေးသည် NSCLC အဆုတ်ကင်ဆာလူနာများအတွက် နိုင်ငံတချို့၌ အသုံးပြုခွင့်ရထားပြီးဖြစ်သော ဆေးဖြစ်ကြောင်း သိရသည်။ KKO

## ရင်သားကင်ဆာရောဂါတစ်မျိုး ပြန်ဖြစ်နိုင်ခြေကို Ribociclib ဆေးဖြင့် လျှော့ချပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၆**

အဖြစ်အများဆုံး ရင်သားကင်ဆာရောဂါပုံစံတစ်မျိုး တစ်ကျော့ပြန်ဖြစ်နိုင်ခြေကို Ribociclib အမည်ရှိဆေးတစ်မျိုးဖြင့် လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။


HER2-Negative Primary Breast Cancer ခေါ် ရင်သားကင်ဆာရောဂါ ခံစားနေရသူလူနာများအနေဖြင့် ပုံမှန်ကုထုံးများရယူပြီးနောက် ဟော်မုန်းကုထုံးများနှင့်အတူ Ribociclib ဆေးကိုတွဲ၍ သုံးစွဲပါက ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို သိသိသာသာ လျှော့ချနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

HER2-Negative Primary ရင်သားကင်ဆာ တစ်ကျော့ပြန်ပေါ်လာမှုကို Ribociclib ဆေးဖြင့်လျှော့ချနိုင်မှု ရှိ၊ မရှိ ဖော်ထုတ်ရန် လူနာဦးရေ ၅၀၀၀ ကျော်နှင့် လက်တွေ့ စမ်းသပ်မှုများပြုလုပ်ခဲ့ကြသည်။

အထက်ပါ စမ်းသပ်မှုမှထွက်ပေါ်လာသော ရလဒ်များအရ Ribociclib ဆေးက HER2-Negative Primary ရင်သားကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို ၂၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် Ribociclib ဆေး၏ အထက်ပါကျေးဇူးကို ရောဂါတွေ့ရှိမှု စောသော်လည်း နောင်နှစ် အတန်ကြာတွင် ရောဂါပြန်ပေါ်လာတတ်သည့် လူနာများ၌ တွေ့ရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ribociclib ဆေးသည် ကင်ဆာဆဲလ်များ ပုံတူပွားနိုင်ရန်အကူအညီပေးတတ်သည့် ပရိုတင်းများကို ထိန်းချုပ်ပေးသည့် ဆေးဖြစ်ကြောင်း သိရသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

# အာရှအမျိုးသမီးယူ-၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက နီပေါအသင်းကို ငါးဂိုးပြတ်အနိုင်ရ




ရန်ကုန် ဇွန် ၆

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ည ၆ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းနှင့် နီပေါယူ-၂၀ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၂၀ အမျိုးသမီးအသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင်မြန်မာယူ-၂၀ အမျိုးသမီးအသင်းက နီပေါယူ-၂၀ အမျိုးသမီးအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၂ မိနစ်တွင် ဇင်မိုးပြည့်နှင့်ပွဲချိန် ၄၄ မိနစ်တွင် ယဉ်လွန်းအိမ်တို့က မြန်မာယူ-၂၀ အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းအပြီးတွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာယူ-၂၀ အမျိုးသမီးအသင်းကပင် ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ နီပေါယူ-၂၀ အမျိုးသမီးအသင်းက မြန်မာယူ-၂၀ အမျိုးသမီးအသင်းတိုက်စစ်ပိုင်းကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့သော်လည်း ပွဲချိန် ၄၇ မိနစ်နှင့် မိနစ် ၉၀ တွင် ယဉ်လွန်းအိမ်၊ ပွဲချိန် ၆၉ မိနစ်တွင် ယွန်းဝတီလှိုင်တို့က မြန်မာယူ-၂၀ အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများဆက်လက်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းက နီပေါယူ-၂၀ အမျိုးသမီးအသင်းကို ငါးဂိုးဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ညနေ ၃ နာရီခွဲက ကစားခဲ့သည့် တရုတ်ယူ-၂၀ အမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ)ယူ-၂၀ အမျိုးသမီးအသင်းတို့ ပွဲစဉ်တွင် တရုတ်ယူ-၂၀ အမျိုးသမီးအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုအဖွင့်ပွဲစဉ်အပြီးတွင် မြန်မာယူ-၂၀အမျိုးသမီးအသင်းက အုပ်စုပထမနေရာတွင် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

# အေစီမီလန်အသင်း နည်းစနစ်ဒါရိုက်တာရာထူးမှ နုတ်ထွက်ကြောင်း မာဒီးနီး ထုတ်ဖော်ပြောကြား

မီလန် ဇွန် ၆

အေစီမီလန်အသင်းကို နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ယူထားသည့် ဂန္ထဝင်ကစားသမားဟောင်း မာဒီးနီးသည် ဇွန် ၅ ရက်က အသင်းပိုင်ရှင် ကာဒီနယ်လီနှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးအပြီးတွင် အသင်းမှနုတ်ထွက်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇွန် ၄ ရက်က စီးရီးအေ အမှတ်ပေးပြိုင်ပွဲများပြီးဆုံးပြီးနောက် အေစီမီလန်အသင်း အားကစားဒါရိုက်တာ မာဆာရာ၊ အသင်းပိုင်ရှင် ကာဒီနယ်လီနှင့်နည်းစနစ်ဒါရိုက်တာ မာဒီးနီးတို့သည်လာမည့်နှစ် ဘောလုံးရာသီအတွက်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ဆွေးနွေးခဲ့ရာ အသင်းပိုင်ရှင်နှင့်သဘောထားကွဲလွဲမှုများကြောင့် မာဒီးနီးက အသင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မာဒီးနီး ထွက်ခွာသွားသောကြောင့် အသင်းနှင့်သက်တမ်းတိုးရန် သဘောတူညီမှုရရှိထားသည့် လီအိုက အနာဂတ်နှင့်ပတ်သက်၍ ထပ်မံစဉ်းစားမည်ဟု ပြောကြားခဲ့ပြီး ခံစစ်ကစားသမား သီအိုဟာနန်ဒက်စ်နှင့်ဂိုးသမားမိုင်ဂနန်တို့ကလည်းအသင်းမှထွက်ခွာရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၅၄ နှစ်ရှိ ကစားသမားဟောင်း မာဒီးနီးသည် ၁၉၈၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အေစီမီလန်အသင်းတွင်ကစားခဲ့ရာ၌ အသင်းကို ဥရောပချန်ပီယံဆုဖလား လေးကြိမ်နှင့် စီးရီးအေဆုဖလား ခုနစ်ကြိမ်ထိရရှိအောင် ပါဝင်စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ကစားသမားဘဝမှ အနားယူချိန်တွင် အေစီမီလန်အသင်း နည်းပြအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် နည်းစနစ်ဒါရိုက်တာအဖြစ် ဆက်လက်တာဝန်ယူခဲ့သူဖြစ်သည်။

မာဒီးနီးသည် အေစီမီလန်အသင်းအတွက် တောင်ပံကစားသမား လီအိုနှင့်ခံစစ်ကစားသမား တိုမိုရီတို့ကိုခေါ်ယူနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ၁၁ နှစ်ကြာ ဝေးကွာနေသည့်စီးရီးအေဆုဖလားကိုရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် အသင်းကိုကစားပုံတိုးတက်လာအောင် စွမ်းဆောင်ပေးခဲ့သော်လည်း အသင်းအနေဖြင့် ပြီးခဲ့သည့် ၁၂ လအတွင်းဘဏ္ဍာရေးအကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရသောကြောင့် အသင်းပိုင်ရှင်နှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးအပြီးတွင် ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML



# ကစားသမားခုနစ်ဦးထိ အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း လက်စတာအသင်း ထုတ်ပြန်

လန်ဒန် ဇွန် ၆

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရသောကြောင့် အသင်းမှအဓိက ကစားသမားများအပါအဝင် ကစားသမားခုနစ်ဦးထိ အသင်းမှထွက်ခွာမည်ဟု ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် လက်စတာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကစားသမားများထဲမှ ခံစစ်ကစားသမား ဆိုရန်ဆူနှင့် တီတီတို့မှာ ဘောလုံးရာသီမကုန်ဆုံးမီကတည်းက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသကဲ့သို့ ကွင်းလယ်ကစားသမား တိုင်လီမန်၊ တိုက်စစ်မှူး ပီရက်ဇ်၊ ခံစစ်ကစားသမား အာမာတေ၊ ကွင်းလယ်ကစားသမား မန်ဒီ၊ ခံစစ်ကစားသမားဘာထရန်တို့သည်လည်း အသင်းနှင့်စာချုပ်သက်တမ်းတိုးရန် အစီအစဉ်မရှိတော့ဘဲ လာမည့် ဇွန် ၃၀ ရက်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည်။

လက်စတာအသင်း ဥက္ကဋ္ဌက "ဒီကစားသမားတွေဟာ လက်စတာအသင်းကို အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ အသင်းအနေနဲ့ သက်တမ်းတိုးဖို့ကြိုးစားခဲ့ပေမဲ့ ကစားသမားတွေအနေနဲ့ နောက်ထပ်အောင်မြင်မှုတွေကို ရယူချင်တာကြောင့် အသင်းနဲ့လမ်းခွဲခဲ့တာပါ။ အသင်းနဲ့အတူရှိနေချိန်မှာ အသင်းအတွက် ပေးဆပ်ခဲ့ကြတဲ့ ကစားသမား ခုနစ်ဦးစလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

လက်စတာ အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ဆိုးများနှင့် ရှုန်းကန်ခဲ့ရသဖြင့် နည်းပြ ရော်ဂျာကိုထုတ်ပယ်ကာ နည်းပြစမစ်ကို ခန့်အပ်ခဲ့သော်လည်း ရာသီပိတ်သိမ်းချိန်တွင် အသင်းအနေဖြင့် ရမှတ် ၃၄ မှတ်သာရရှိခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့်(၁၈)တွင်ရောက်ရှိခဲ့ပြီး ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရကြောင်း သိရသည်။

ML

# လန်းအသင်းတိုက်စစ်မှူး အိုပန်ဒါကို ခေါ်ယူရန် လိုက်ပ်ဇစ်အသင်း သဘောတူညီမှုရရှိ

ဘာလင် ဇွန် ၆

လိုက်ပ်ဇစ်အသင်းသည် ပြင်သစ်ကလပ်လန်းအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး အိုပန်ဒါကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် ကစားသမားနှင့်ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့ကြောင်း Get German Football news သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် လန်းအသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့သည် အိုပန်ဒါ၏အပြောင်းအရွှေ့အတွက် ဆွေးနွေးမှုပြုလုပ်လျက်ရှိပြီး လန်းအသင်းက အိုပန်ဒါအတွက် ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဝန်းကျင်အလိုရှိကြောင်း ပြောကြားခဲ့ကာ အဆိုပါပြောင်းရွှေ့ကြေးမှ ယူရို ၁၀ သန်းကို ၎င်း၏မိခင်ကလပ် ဘာရုဂျက်အသင်းသို့ ပေးချေသွားရမည်ဖြစ်သည်။

လန်းအသင်းသည် တိုက်စစ်မှူး အိုပန်ဒါကို ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက ဘယ်လ်ဂျီယံကလပ် ဘာရုဂျက်အသင်းမှ ခေါ်ယူခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၂ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၂၁ ဂိုးထိသွင်းယူနိုင်ခဲ့သည့်အပြင် ဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းကို အမှတ်ပေးဇယား အဆင့်(၂)သို့ ပို့ဆောင်၍ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းက ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့မည့် အန်ကူကူ၏နေရာတွင် အစားထိုးရန်ခေါ်ယူခဲ့ခြင်းဖြစ်သည်။




တိုက်စစ်မှူး အိုပန်ဒါသည် လန်းအသင်းနှင့် ပွဲဦးထွက်ဘောလုံးရာသီမှာပင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ပီအက်စ်ဂျီအသင်းအပါအဝင် ဂျာမန်ကလပ် ဒေါ့မွန်အသင်းကလည်း ခေါ်ယူရန်ပြင်ဆင်နေသော်လည်း လိုက်ပ်ဇစ်အသင်းက ကစားသမားနှင့် သဘောတူညီမှုရရှိထားသဖြင့် လက်ဦးမှုရယူနိုင်ခဲ့သကဲ့သို့ ကလပ်အသင်း နှစ်ခုကြား ဆွေးနွေးမှုများပြီးဆုံးပါက တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- အင်တာမီလန်အသင်းနှင့်ကစားရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်သည် မိမိကစားသမားဘဝကို အဆုံးအဖြတ်ပေးမည့် ပွဲစဉ်မဟုတ်ကြောင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်မှထွက်ခွာခဲ့သည့် တိုက်စစ်မှူး ဘင်ဇီမားသည် ဆော်ဒီအာရေဗျကလပ် အယ်အီတီဟတ်အသင်းသို့ သုံးနှစ်စာချုပ်ဖြင့်ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည်။
- ဟယ်ရီကိန်းအပါအဝင် အသင်းမှ ကစားသမားခုနစ်ဦးထိ ရောင်းချရန် စီစဉ်ထားသည်ဟု စပါးအသင်း နည်းပြသစ် ပိုစတီကိုဂလူက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီနိုင်ငံက ၂၀၂၄ ခုနှစ်တွင် အင်ဒို-ပစိဖိတ်သို့ စစ်သင်္ဘောများစေလွှတ်သွားမည်ဟု ကာကွယ်ရေးဝန်ကြီး ပြော




ဂျာမနီနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာ စည်းမျဉ်းများပေါ် အခြေခံ၍ အင်ဒို-ပစိဖိတ်ဒေသသို့ စစ်သင်္ဘောနှစ်စီး စေလွှတ်သွားမည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။

မြေထဲပင်လယ်၊ ဘဂ်လားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်တွင်ဖြစ်စေ နိုင်ငံတိုင်းက သဘောတူလိုက်နာပြီး အကျိုးရှိစေမည့် စည်းမျဉ်းများကို အခြေခံသည့် နိုင်ငံတကာအမိန့်ကိုလိုက်နာရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း Boris Pistorius က ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သော စစ်ဘက်မဟာမိတ်အဖွဲ့က တရုတ်နိုင်ငံကို လုံခြုံရေးစိန်ခေါ်မှုဟု တံဆိပ်ကပ်ပြီးနောက် NATO မဟာမိတ်နိုင်ငံများသည် ဒေသတွင်းတွင် ၎င်းတို့၏တည်ရှိမှုကို ခိုင်မာအားကောင်းစေရန် တည်ဆောက်လာနေကြသည်။

ဂျာမနီဖက်ဒရယ်အစိုးရသည် ၂၀၂၁ ခုနှစ်တွင် အင်ဒို-ပစိဖိတ်ဒေသသို့ ဖရီးဂိတ်သင်္ဘောတစ်စီး စေလွှတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဖရီးဂိတ်စစ်သင်္ဘောနှင့်ထောက်ပံ့ရေးသင်္ဘောတို့ကို ဒေသတွင်းသို့ ထပ်မံဖြန့်ကြက်ချထားနိုင်လိမ့်မည်ဟု Pistorius က စင်ကာပူနိုင်ငံတွင် ပြောကြားခဲ့သည်။

အဆိုပါ တပ်ဖြန့်ချထားမှုသည် မည်သည့်နိုင်ငံကိုမျှ ဦးတည်ခြင်းမဟုတ်ကြောင်းနှင့် ပင်လယ်ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းများကိုကာကွယ်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် တပ်ဖြန့်ချထားခြင်းသည် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများကိုတုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု Pistorius က ပြောကြားသည်။

"ဒီတပ်ဖြန့်မှုတွေက ဘယ်နိုင်ငံကိုမှ ဦးတည်တာမဟုတ်ဘူး။ ဒါကို ရှင်းရှင်းလင်းလင်း သိစေချင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂျာမနီသည် အင်ဒို-ပစိဖိတ်ဒေသငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ပံ့ပိုးကူညီရန် ကတိပြုထားပြီး လာမည့်နှစ်များတွင် ဒေသတွင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်သွားမည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး Pistorius က ပြောကြားသည်။

ဇွန် ၃ ရက်တွင် Pistorius က တရုတ်နိုင်ငံ တိုက်လေယာဉ်မှူးများကို လေ့ကျင့်သင်ကြားရန်အတွက် ဂျာမနီနိုင်ငံသား လေယာဉ်မှူးအငြိမ်းစားများ စုဆောင်းနေခြင်းကို ရပ်တန့်ရန် တရုတ်နိုင်ငံအား တောင်းဆိုခဲ့ကြောင်း ရိုက်တာသတင်းအရ သိရသည်။

"ဒီမူဝါဒကို ချက်ချင်းရပ်ပစ်ဖို့မျှော်လင့်ကြောင်း ရှင်းရှင်းလင်းလင်းပြောထားပါတယ်"ဟု Pistorius က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်မှူးများက ဂျာမနီစစ်ဘက်နှင့် NATO စစ်ဆင်ရေးဆိုင်ရာနည်းဗျူဟာများကို မှုဝေဖြန့်ဖြူးပေးနိုင်ဖွယ်ရှိသောကြောင့်ဖြစ်ကြောင်း ဂျာမနီလုံခြုံရေးအရာရှိများက ၎င်းတို့စိုးရိမ်ပူပန်မှုအပေါ် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဂျာမနီ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ဥရောပပို့ကုန်များ၏ ၄၀ ရာခိုင်နှုန်းခန့်သည် တောင်တရုတ်ပင်လယ်ကို ဖြတ်ကျော်ခုတ်မောင်းနေခြင်းလည်းဖြစ်သည်။

စက်တင်ဘာလတွင် ဂျာမနီနှင့်အခြား G7 နိုင်ငံများက လက်ရှိအနေအထားကို တစ်ဖက်သတ် အပြောင်းအလဲများကို ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ထိုင်ဝမ်ရေလက်ကြားတစ်လျှောက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၏အရေးပါမှုကို ထပ်မံအတည်ပြုကာ ရေလက်ကြား ဖြတ်ကျော်ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန် တိုက်တွန်းခဲ့ကြသည်။

မတ်လက Pistorius သည် ဂျပန်နိုင်ငံသို့သွားရောက်ခဲ့ပြီး ၁၆ နှစ်အတွင်း ပထမဆုံးလာရောက်လည်ပတ်သည့် ဂျာမနီကာကွယ်ရေးဝန်ကြီးဖြစ်လာခဲ့သည်ဟု Deutsche Welle သတင်းစာ၏အဆိုအရသိရသည်။

အလားအလာရှိသော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်ကိုဆွေးနွေးရန် ဂျပန်ဝန်ကြီးချုပ် Yasukazu Hamada နှင့်တွေ့ဆုံခဲ့ပြီး အင်ဒို-ပစိဖိတ်ဒေသသည် ဂျာမနီအတွက် ဂျပန်နိုင်ငံကဲ့သို့ပင် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

**Germany to Send Warships to Indo-Pacific in 2024 Amid Standoff With China ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံထုတ် T-72 တင့်ကားများနေရာတွင် အစားထိုးရန် အနာဂတ်တင့်ကားထုတ်လုပ်ရေးစီမံကိန်းကို အိန္ဒိယအတည်ပြု

အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (MoD)သည် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များဖြင့် တည်ဆောက်သွားမည့် အနာဂတ်တင့်ကား ထုတ်လုပ်နိုင်ရေးစီမံကိန်းကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဇွန် ၁ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ရွေ့ပြောင်းပုံစံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရရန်ပုံငွေ ၇၀ ရာခိုင်နှုန်းထိ ပံ့ပိုးပေးထားသည့် စီမံကိန်း၏ Make-I အမျိုးအစားအောက်တွင် စုစုပေါင်း Future Ready Combat Vehicles (FRCV) အစီး ၁၉၀ ထုတ်လုပ်သွားမည်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနက စီမံကိန်းအနှစ်ချုပ်တွင် ဖော်ပြထားချက်များအရ ဒီဇိုင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုသည် အနည်းဆုံး ပြည်တွင်းထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းပါဝင်ရမည်ဟု သိရသည်။

အဆိုပါယာဉ်ကို ပင်မတိုက်ပွဲဝင်တင့်ကားအပါအဝင် အနည်းဆုံးချိန်းတပ်ယာဉ် ၁၁ စီး၏ အခြေခံပလက်ဖောင်းအဖြစ် အသုံးပြုနိုင်ရန် Modular Concept အယူအဆဖြင့် တီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း The Diplomat မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

အခြားဖြစ်နိုင်ခြေရှိသော FCRV မျိုးကွဲများမှာ ချိန်းတပ်အပေါ့စား၊ ဘီးတပ်၊ တံတားခင်းယာဉ်နှင့် မိုင်းရှင်းတင့်များ၊ Self-Propelled ဟောင်ဝစ်ဇာအမြောက်တင်ယာဉ်၊ လေကြောင်းရန်ကာကွယ်ရေးစက်အမြောက်တင်ယာဉ်၊ အမြောက်လက်နက်စနစ်အတွက် ကင်းထောက်ယာဉ်နှင့် အင်ဂျင်နီယာကင်းထောက်ယာဉ်များနှင့် သံချပ်ကာ လူနာတင်ယာဉ်များ ပါဝင်နိုင်ဖွယ်ရှိသည်။

The Hind က သတင်းဌာန၏ အဆိုအရ အဆိုပါစီမံကိန်း၏ အဓိကတွန်းအားမှာ အိန္ဒိယတပ်မတော်၏ ၂၀၃၀ ပြည့်နှစ်မှစတင်ကာ သက်တမ်း ၄၀ ကျော်သက်တမ်းရှိ ရုရှားနိုင်ငံထုတ် T-72 ပင်မတိုက်ပွဲဝင်တင့်ကားများကို အစားထိုးရန်ဖြစ်သည်။ တိုက်ခိုက်ရေးဒရုန်းများနှင့် ထိပ်တန်းတိုက်ခိုက်ရေး Loitering Munitions လက်နက်များကဲ့သို့သော အဆင့်မြင့် ဘက်မညီ တင့်ဖျက်နည်းပညာများ တိုးတက်လာခြင်းသည် ပိုမိုအဆင့်မြင့်သော ယာဉ်တင်ကာကွယ်ရေးစနစ်များ မပါရှိသည့် ခေတ်ဟောင်းတင့်ကားများ၏ အားနည်းချက်များကို မီးမောင်းထိုးပြလျက်ရှိကြောင်း သတင်းရင်းမြစ်က ရေးသားထားသည်။

တပ်ဖွဲ့ဝင် လေးဦးပါ FRCV တိုက်ယာဉ်ကို မြင်းကောင်ရေ ၁၅၀၀ အင်ဂျင်ဖြင့်မောင်းနှင်ထားပြီး လေယာဉ်၊ သင်္ဘော၊ မီးရထားနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး စသည့်နည်းလမ်းများဖြင့် ပို့ဆောင်တပ်ဖြန့်နိုင်သည်။



၅၅ တန်ရှိသော တင့်ကားသည် နယ်စပ်ဖြတ်ကျော်၊ သဲကန္တာရမြေမျက်နှာသွင်ပြင်အမျိုးအစားတွင် အနည်းဆုံးအကွာအဝေး ကီလိုမီတာ ၄၀၀ (၂၄၈ မိုင်) နှင့်လမ်းမကြီးများတွင် ကီလိုမီတာ ၅၀၀ (မိုင် ၃၁၀) ထိ ခရီးပေါက်နိုင်သည်။ တိုက်ယာဉ်အတွက် တာဝန်ထမ်းဆောင်နိုင်မည့် သက်တမ်းသည် ၃၅ နှစ်မှ ၄၅ နှစ်ထိ အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။

တင့်ကား၏ပင်မသေနတ်သည် မီလီမီတာ ၁၂၀ သို့မဟုတ် ထို့ထက် ပြောင်းအချင်းကြီးသည့် အမြောက်များတပ်ဆင်နိုင်မည်ဖြစ်ပြီး ကျည်သုံးမျိုးအသုံးပြုနိုင်မည်ဖြစ်သည်။ သံချပ်ကာဖောက်ကျည်၊ တင့်ဖျက်ကျည်နှင့် ခွင်းကျည်တို့ဖြစ်သည်။

Static နှင့် Dynamic Mode နှစ်မျိုးသုံး၍ နေ့ရောညပါ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ကျည်များ၏ အနည်းဆုံးအကွာအဝေးသည် မီတာ ၂၅၀၀ (၈၂၀၂ ပေ)၊ မီတာ ၁၆၀၀ (၅၂၄၉ ပေ)ထိ ပစ်ခတ်တိုက်ခိုက်နိုင်ပြီး တိုက်ရိုက်ပစ်ခတ်မှုတွင် ၅၀၀၀ (၁၆၄၀၄ ပေ) မီတာနှင့်သွယ်ဝိုက်ပစ်ကူပေးရာတွင် အကွာအဝေး မီတာ ၁၀၀၀၀ (၃၂၈၀၈) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ပင်မလက်နက်သည် အနည်းဆုံးမီတာ ၅၀၀ (ပေ ၁၆၄၀) အကွာအဝေးတွင် တင့်ကားနှင့်ရဟတ်ယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

**India Approves Future Tank Project to Replace Aging Russian T-72s ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပခုက္ကူစာပေဆုနှင့် ဆုရစာမူများ ဆုရပုဂ္ဂိုလ်များ၏အနေအထား

မြန်မာစာပေတိုးတက်ဖွံ့ဖြိုးရေးကို ရည်သန်၍ ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ သိန်းတစ်ရာဆေးပေါင်းရုံ ပိုင်ရှင် ဦးအုံးဖေက သူ၏ကိုယ်ပိုင်ငွေမှ ငွေ ၇၆၀၁၂၇၉ ကျပ်ကို နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းခြင်းဖြင့် "ပခုက္ကူဦးအုံးဖေစာပေဆု"ဟု အမည်တွင်သော စာပေရန်ပုံငွေတစ်ရပ်ကို တည်ထောင်ပေးခဲ့သည်။

ဦးအုံးဖေက နိုင်ငံတော်သို့ ငွေ ၇၆၀၁၂၇၉ ကျပ် လွှဲအပ်ပွဲကို ၁၉၉၂ ခုနှစ် မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူဦးအုံးဖေစာပေဆုတွင် ဘာသာရပ်ခြောက်မျိုး သတ်မှတ်ကာ စာပေပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။

(၁) ကဗျာပေါင်းချုပ်ဆု
(၂) ဝတ္ထုရှည်ဆု
(၃) ဝတ္ထုတိုဆု
(၄) ကျမ်းစာပေဆု
(၅) သုတေသနစာပေဆု
(၆) ပခုက္ကူစာပေတစ်သက်တာဆုတို့ဖြစ်သည်။

၁၉၉၃ ခုနှစ်ကစတင်၍ စာမူများဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့သည်။ မူလက ဘာသာရပ်တစ်ခုလျှင် ပထမဆုတစ်ဆုသာ ချီးမြှင့်ခဲ့ရာမှ ၁၉၉၅-၁၉၉၆ ခုနှစ်တို့တွင် ပထမနှင့် ဒုတိယ နှစ်ဆုစီ တိုးချဲ့ချီးမြှင့်ခဲ့သည်။ ၁၉၉၇ ခုနှစ်ကစပြီး ဘာသာရပ်တစ်ခုလျှင် ပထမ၊ ဒုတိယ၊ တတိယ သုံးဆုချီးမြှင့်ခဲ့ပြီး ဆုရစာမူများကို ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်က စာအုပ်များအဖြစ် ထုတ်ဝေဖြန့်ချိပေးခဲ့သည်။

ပခုက္ကူစာပေဆုကို အောက်ပါအခြေခံမူများဖြင့် စိစစ်ရွေးချယ်ခဲ့သည်။

(၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးရန်။
(၂) မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်။
(၃) မျိုးချစ်စိတ်နှင့်တိုင်းပြည်ချစ်စိတ် ထက်သန်စေမှုကို ရှေးရှုရန်။
(၄) အတွေးအခေါ်နှင့် အသိဉာဏ်၊ ဗဟုသုတ တိုးပွားကျယ်ပြန့်ရေးအတွက် ကူညီရန်။
(၅) အကျင့်စာရိတ္တ ပြုပြင်ရေးနှင့်ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်သောစာပေများ တိုးပွားစေရန် ဟူသည့် အခြေခံမူများ ချမှတ်ကာ စနစ်တကျရွေးချယ်ကြခြင်းဖြစ်သည်။

**တစ်သက်တာစာပေဆု ရွေးချယ်ခြင်း**

ပခုက္ကူဦးအုံးဖေ၏ တစ်သက်တာစာပေဆုကို အောက်ပါအခြေခံမူများဖြင့် စိစစ်ရွေးချယ်ခဲ့သည်-

(၁) သက်ရှိထင်ရှားရှိသော စာပေပညာရှင်ဖြစ်ရမည်။
(၂) သုတစာပေ၊ ရသစာပေနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းတွင် ထိရောက်သောအတိုင်းအတာဖြင့် အားထုတ်ဆောင်ရွက်ခဲ့သူဖြစ်ရမည်။
(၃) ကိုယ်တိုင်ရေးသားထုတ်ဝေဖူးသော၊ ခိုင်လုံပြည့်ဝသော စာအုပ်စာပေလက်ရာ စာရင်းရှိရမည်။
(၄) စာပေလုပ်ငန်းတာဝန်ကို ထမ်းဆောင်ခဲ့သည့် နှစ်ကာလပရိစ္ဆေဒကို ထည့်သွင်းတွက်ချက်ရမည်။ (အသက်အရွယ်အားဖြင့် ၆၀ အရွယ်နှင့် စာရေးသက်အနည်းဆုံး နှစ် ၄၀ ရှိရမည်)
(၅) ဆုအတွက် စဉ်းစားခံရသော ပုဂ္ဂိုလ်၏ အားထုတ်ကျွမ်းကျင်မှုနယ်ပယ်ကို ထည့်သွင်းစဉ်းစားရမည်။ ဘာသာရပ်နယ်ပယ်ချင်းယှဉ်လျှင် အများဆုံး အကျိုးပြုနိုင်သည့် ဘာသာရပ်၊ နိုင်ငံတော်မူဝါဒများနှင့်အနီးစပ်ဆုံးဖြစ်သည့် ဘာသာရပ်ကို ဦးစားပေးမည်။
(၆) ဆုပေးရန် ထောက်ခံခြင်းခံရသော စာရေးဆရာသည် နိုင်ငံတော်၏ တည်ဆဲမူဝါဒ သဘောတရားများနှင့် ဆန့်ကျင်ခြင်းမရှိသူဖြစ်ရမည်။

**၁၉၉၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ပခုက္ကူစာပေ တစ်သက်တာဆုရရှိသူ အမည်စာရင်း**

| စဉ် | ခုနှစ် | တစ်သက်တာစာပေဆုရ ဆရာကြီးများ |
|---|---|---|
| ၁ | ၁၉၉၄ | ဆရာမောင်ထင်၊ ဆရာသခင်္ |
| ၂ | ၁၉၉၅ | ဆရာဦးရန်အောင်၊ ဆရာဦးသုခ |
| ၃ | ၁၉၉၆ | ဆရာဇေယျာမောင် |
| ၄ | ၁၉၉၇ | ဆရာတက္ကသိုလ်ထင်ကြီး |
| ၅ | ၁၉၉၈ | ဆရာတက်တိုး |
| ၆ | ၁၉၉၉ | ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) |
| ၇ | ၂၀၀၀ | ဆရာတိုက်စိုး |
| ၈ | ၂၀၀၁ | ဆရာဒဂုန်တာရာ |
| ၉ | ၂၀၀၂ | ဆရာပါရဂူ |
| ၁၀ | ၂၀၀၃ | ဆရာမောင်ဆုရှင် |
| ၁၁ | ၂၀၀၄ | ဆရာမ စောမုံညင်း |
| ၁၂ | ၂၀၀၅ | ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဒေါ်ကြန် |
| ၁၃ | ၂၀၀၆ | ဆရာမ မမြတ်လေး |
| ၁၄ | ၂၀၀၇ | ဆရာမ ခင်ဆွေဦး |
| ၁၅ | ၂၀၀၈ | ဆရာဦးသော်ကောင်း |
| ၁၆ | ၂၀၀၉ | ဆရာဒေါက်တာကျော်စိန် |
| ၁၇ | ၂၀၁၀ | ဆရာညွန့်ဝေ(ကသာ) |
| ၁၈ | ၂၀၁၁ | ဆရာမောင်မြင့်ကြွယ် |
| ၁၉ | ၂၀၁၂ | ဆရာတက္ကသိုလ်မောင်မောင်ခင် |
| ၂၀ | ၂၀၁၃ | ဆရာဦးဘသန်း(မဟာဝိဇ္ဇာ) |
| ၂၁ | ၂၀၁၄ | ဆရာတက္ကသိုလ်တင်ခ |
| ၂၂ | ၂၀၁၅ | ဆရာညိုဝင်း၊ ဆရာဒေါက်တာချစ် |
| ၂၃ | ၂၀၁၆ | ဆရာသောကြာဦးမောင်ကလေး |
| ၂၄ | ၂၀၁၇ | ဆရာတောသားကြီးလူနိုင် |
| ၂၅ | ၂၀၁၈ | ဆရာဒေါက်တာသန်းဦး |
| ၂၆ | ၂၀၁၉ | ဆရာတက္ကသိုလ်မြတ်သူ |
| ၂၇ | ၂၀၂၀ | ဆရာမ မကြွယ်ကြွယ် |
| ၂၈ | ၂၀၂၁ | ဆရာဒေါက်တာမျိုးသန့်တင်၊ ဆရာမောင်ဆွေသက် |
| ၂၉ | ၂၀၂၂ | ဆရာမကြီးဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး) |

ပခုက္ကူဦးအုံးဖေစာမူဆုပြိုင်ပွဲများကို ၁၉၉၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ပြိုင်ပွဲဝင်စာမူများအနက် ဆုရစာမူများစာရင်း-

(၁) ဆုရကဗျာပေါင်းချုပ် ၇၂ အုပ်
(၂) ဆုရဝတ္ထုရှည်စာမူ ၅၆ အုပ်
(၃) ဆုရဝတ္ထုတိုပေါင်းချုပ် ၆၄ အုပ်
(၄) ဆုရကျမ်းစာပေ ၅၈ အုပ်
(၅) ဆုရသုတေသနစာပေ ၆၂ အုပ်
စုစုပေါင်း ၃၁၂ အုပ်

**ပခုက္ကူစာပေဆုရပြီး စာအုပ်အဖြစ် ပုံနှိပ်ပြီးနောက် အမျိုးသားစာပေဆု ထပ်မံဆွတ်ခူးကြသော စာရေးဆရာများနှင့် စာအုပ်စာရင်း**

| စဉ် | ခုနှစ် | ဆုအမျိုးအစား | စာရေးသူ | စာအုပ်အမည် |
|---|---|---|---|---|
| ၁ | ၁၉၉၇ | ဝတ္ထုတိုပေါင်းချုပ် | ကိုနေ(ကောလင်း) | မွှေးမွှေးချိုချိုဝတ္ထုတိုများ |
| ၂ | ၁၉၉၈ | ဝတ္ထုရှည် | နန္ဒာစိုး(ဆင်ဖြူကျွန်း) | ချောင်းရေယဉ်လျှမ်းပါလို့ လမ်းမသိပါပြီ |
| ၃ | ၁၉၉၈ | ဝတ္ထုတိုပေါင်းချုပ် | နေမျိုးသန့် | ခယောင်းမြေမှာပန်းတွေကမွှေး |
| ၄ | ၁၉၉၉ | ယဉ်ကျေးမှု | ဦးမြတ်ကျော် | မြန်မာစာ၊ မြန်မာမှု၊ သုတ္တန်ရတနာ |
| ၅ | ၂၀၀၃ | ယဉ်ကျေးမှု | မောင်သစ္စာ | မြန်မာ့ရှေးဟောင်း မင်စာနှင့်ယဉ်ကျေးမှု |
| ၆ | ၂၀၀၅ | ယဉ်ကျေးမှု | မင်းသျှင်အောင်(တွံတေး) | မဟာဗုဒ္ဓဝင်ကွက်စိပ် ဇာတ်ထုတ်များနှင့် ဒဂုံဆရာညွန့် |
| ၇ | ၂၀၀၅ | စာပဒေသာ | မောင်မိုးယံ | ငွေကြယ်များကို သက်သေတည် ရွှေပင်လယ်ကိုဖြတ်သန်းခြင်း |
| ၈ | ၂၀၀၇ | ကဗျာပေါင်းချုပ် | သန်းအောင်(အညာမြေ) | အမေ့အလှ ပန်းအလှ |
| ၉ | ၂၀၀၉ | ဝတ္ထုတိုပေါင်းချုပ် | မောင်ခြိမ့် | တံငါအသည်း မာရဲသလားဟေ့ |
| ၁၀ | ၂၀၁၀ | လူငယ်စာပေ | တင်မြင့် | ရှင်မတောင်မှ ရောဝတီသို့ |
| ၁၁ | ၂၀၁၁ | ဝတ္ထုတိုပေါင်းချုပ် | ရဲမြတ်တင် | ဆီမှုဆိုး |
| ၁၂ | ၂၀၂၀ | ကဗျာပေါင်းချုပ် | ချစ်စုအောင် | မြင်းမိုရ်စိတ်ကူး ကဗျာများ |

၁၉၉၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပခုက္ကူစာပေဆုရ စာမူများအနက် စာအုပ်အဖြစ်ရိုက်နှိပ်ပြီးနောက် အထက်ပါအတိုင်း ဝတ္ထုရှည်တစ်ဆု၊ ဝတ္ထုတိုပေါင်းချုပ် လေးဆု၊ ကဗျာပေါင်းချုပ် နှစ်ဆု၊ စာပဒေသာ တစ်ဆု၊ လူငယ်စာပေ တစ်ဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ သုံးဆု စုစုပေါင်း အမျိုးသားစာပေဆု ၁၂ ဆု ရရှိခဲ့ပြီးဖြစ်ပါသည်။

ပခုက္ကူ ဦးအုံးဖေစာပေဆု ရရှိသည့် စာမူများကို ၁၉၉၄ ခုနှစ်မှစပြီး ပထမ၊ ဒုတိယ၊ တတိယဆုရစာမူများကို ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ စာပေဗိမာန်က စာအုပ်အဖြစ်ထုတ်ဝေပေးခဲ့သည်။ သို့သော် ပြီးခဲ့သည့်အစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဖြစ်ခဲ့သည့် (စာရေးဆရာ)က ပခုက္ကူစာပေဆုရ စာမူများအနက် ပထမဆုရ စာမူတစ်ခုသာ စာအုပ်အဖြစ် ထုတ်ဝေရန် ညွှန်ကြားခဲ့သည်။

ထို့ကြောင့် အခြားဆုရစာမူများမှာ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခွင့်မရရှိခဲ့ပါ။ ပြိုင်ပွဲဝင်စာရေးဆရာများသည် မိမိတို့စာမူ စာအုပ်ဖြစ်ချင်သည့်ဆန္ဒဖြင့် ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ယခုအခါ ဒုတိယဆုနှင့် တတိယဆုရ စာမူများမှာ စာအုပ်ဖြစ်ခွင့်မရသောကြောင့် ပြိုင်ပွဲဝင်ဆုရ စာရေးဆရာများမှာ စိတ်မကောင်းကြပါ။

အဆိုပါစာအုပ်များကို ပုံနှိပ်ထုတ်ဝေခြင်းဖြင့် စာဖတ်သူများအတွက် ရွေးချယ်ဖတ်ရှုနိုင်ခွင့် ရရှိမည်ဖြစ်သကဲ့သို့ စာရေးဆရာများအတွက်လည်း အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည်။ အဆိုပါစာအုပ်များကို ဈေးကွက်သို့ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် စာရေးဆရာ၊ ပုံနှိပ်ထုတ်ဝေသူ၊ စာဖတ်သူတို့ သုံးဦးသုံးဖလှယ် အကျိုးရှိမည်သာမက ဆုရစာပေလက်ရာများဖြစ်သည့်အတွက် စာပေလေ့လာဖတ်ရှုသူတို့ မလွဲမသွေ အသိအမြင်ရရှိစေနိုင်မည်ဖြစ်သည်။ ရှင်သန်ထွန်းကားလျက်ရှိသည့် စာအုပ်စာပေဖတ်ရှုရခြင်း အလေ့အထ ပိုမိုကောင်းမွန်လာစေရန်နှင့် စာကောင်းပေမွန်များ ထွက်ရှိလာရန်အတွက် ပခုက္ကူစာပေဆုက တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ ကျေနပ်ဝမ်းမြောက်ဖွယ်လည်းဖြစ်သည်။ ယခုဆိုလျှင် ပခုက္ကူစာပေဆုချီးမြှင့်ခဲ့သည့် စာအုပ်များမှာ ရာဂဏန်းမျှပင်ရှိနေနိုင်ပြီး အဆိုပါ စာအုပ်များအားလုံး စာဖတ်သူတို့လက်ဝယ် အရောက် ပို့ဆောင်ပေးနိုင်မည်ဆိုပါက မြန်မာစာပေ၏ကွက်လပ်များကို ကောင်းစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ပခုက္ကူစာပေပြိုင်ပွဲဝင်စာမူများမှာ ခပ်ညံ့ညံ့စာမူများမဟုတ်ကြောင်း အမျိုးသားစာပေထပ်မံရရှိသည့် စာအုပ်စာရင်းကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ သို့ပါ၍ ဆရာကြီးဦးအုံးဖေမျှော်မှန်းခဲ့သည့် မြန်မာစာပေဖွံ့ဖြိုးရေး၊ မြန်မာ့မျိုးချစ်စိတ် ထွန်းကားရေး၊ အတွေးအခေါ် အယူအဆ အသိဉာဏ်တိုးတက်မြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးတို့အတွက် ပခုက္ကူစာမူဆုရ စာအုပ်များက များစွာအကျိုးပြုနေသည်ကို တွေ့ရသည်။

သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ပခုက္ကူစာပေဆုရ စာမူအားလုံးကို ပုံနှိပ်ထုတ်ဝေကာ ပြည်သူများကို ဖြန့်ချိပေးသင့်ကြောင်း စေတနာထား၍ တင်ပြအပ်ပါသည်။ ပခုက္ကူစာပေဆု အရှည်တည်တံ့ပါစေသတည်း။

**ပုသိမ်အောင်သန်းဦး**

# ဒိုက်ဦးမြို့နယ် သရက်တောကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဒိုက်ဦး ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် သရက်တောကျေးရွာ၌ ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ဂဝံလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းများစံချိန်စံညွှန်း ပြည့်မီစေရန်၊ အချိန်မီပြီးစီးရန်၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရန် ဆွေးနွေးမှာကြားသည်။

သရက်တောကျေးရွာ၌ အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၉၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူ လူထုကိုယ်တိုင် ဇွန် ၁ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

**ကိုညီ**

# ကကြီးခကွေး ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၃ ရက်တွင် ရုံတင်ပြသမည်




ရန်ကုန် ဇွန် ၆

Hill Picture Film Production ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကကြီးခကွေး ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၃ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့်သရုပ်ဆောင် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

ကကြီးခကွေး ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို နေစိုးသော်က ရေးသားထားခြင်းဖြစ်ကာ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ပြည်ဟိန်းသီဟက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ရွာတစ်ရွာက ဘုန်းတော်ကြီးကျောင်းမှာနေရတဲ့ ဘုန်းကြီးကျောင်းသားလူငယ်လေး သုံးယောက်နဲ့ သူတို့ကို စာသင်ပေးတဲ့ ဆရာမလေးတစ်ယောက်ရဲ့ ဇာတ်လမ်းလေးပါ။ ထူးခြားတာက ဘုန်းကြီးကျောင်းသားလူငယ်လေးသုံးယောက်က စာသင်ရခက်တဲ့ လူငယ်လေးတွေ ဖြစ်နေတယ်။ သူတို့က ဉာဏ်ထိုင်းတာတော့ မဟုတ်ဘူး။ သူတို့မှာ ဖြတ်ထိုးဉာဏ်တွေ၊ ဟာသဉာဏ်လေးတွေရှိတယ်။ အဲဒီလို လူငယ်အချစ်ဟာသ ဇာတ်ကားလေးပါ။ ကျေးလက်ကို အခြေခံထားတာမို့ ရိုက်ကွင်းတွေက သဘာဝကျပြီး ပျော်စရာကောင်းပါတယ်"ဟု သရုပ်ဆောင် လွှမ်းပိုင်က ပြောပြသည်။

ကကြီးခကွေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ ရှင်မွေလ၊ လွှမ်းပိုင်၊ ပိုးကြာဖြူခင်၊ စိုပြေ၊ စံလင်း၊ အေးချမ်း၊ ဖိုးသဲတို့အပြင် ဝါရင့်ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ရွှေအိုး၊ ငှက်ပျောကြော်တို့နှင့်အတူ အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်းသိရသည်။ ASH

# Miss Universe Yangon 2023 Grand Final ပြိုင်ပွဲကို ဇွန် ၂၀ ရက်တွင် Wyndham Grand Hotel ၌ ကျင်းပမည်

ရန်ကုန် ဇွန် ၆

Miss Universe Yangon 2023 Grand Final ပြိုင်ပွဲကို ဇွန် ၂၀ ရက်တွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း Miss Universe Yangon 2023 Production Director Kevin က ပြောပြ၍ သိရသည်။

Miss Universe Yangon 2023 Grand Final ပြိုင်ပွဲကို Miss Universe Yangon (East)၊ Miss Universe Yangon(West)၊ Miss Universe Yangon (South) နှင့် Miss Universe Yangon (North) ကိုယ်စားပြုအလှမယ် လေးဦးကို တစ်ခါတည်းရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အလှမယ်ပြိုင်ပွဲတွေလဲ အခုနောက်ပိုင်း ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ် လုပ်လာကြတယ်။ တခြားပြိုင်ပွဲတွေနဲ့ မတူအောင် မတူညီတဲ့ပုံစံတွေနဲ့ စီစဉ်ထားပါတယ်။ မတူထူးခြားတဲ့ Round တွေလဲပါမယ်။ ရန်ကုန်ကိုယ်စားပြု အလှမယ်တွေအတွက် Camp ကာလကို ဒီနေ့ကစပြီးတော့ ဇွန် ၁၉ ရက်ထိ သင်ကြားပေးမယ်။ အကောင်းဆုံး Training ပိုင်းတွေလဲ ပြင်ဆင်ပေးထားပါတယ်။ ဒီပြိုင်ပွဲကနေ အလှမယ် လေးယောက်ရွေးမယ်။ ဒါ့ပြင် Title Sponsor Dr.s Miss အတွက်လဲ အလှမယ်တစ်ယောက် Title တစ်ခု ရွေးချယ်သွားမှာပါ"ဟု Miss Universe Yangon 2023 Production Director Kevin က ပြောပြသည်။




Miss Universe Yangon 2023 Grand Final ပြိုင်ပွဲကျင်းပပြီးစီးပါက ၎င်းပြိုင်ပွဲမှ ထွက်ပေါ်လာမည့် အလှမယ်လေးဦးနှင့်အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ရွေးချယ်ထားသည့် ကိုယ်စားပြုအလှမယ်များသည် ၁၀ ကြိမ်မြောက်အဖြစ် ကျင်းပမည့် Miss Universe Myanmar 2023 ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

ASH

# တောင်ကြီးမြို့နယ် ပင်တွန်ကျောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တောင်ကြီး ဇွန် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပင်တွန်ကျောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပင်တွန်ကျောင်းနားကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပင်တွန်ကျောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးနှင့် အရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# Companion ဇာတ်ကား၌ ဟာဗေးဂွီလန်း၊ လူးကပ်ကေ့နှင့် မီဂန်ဆူရီတို့ ပါဝင်မည်

နယူးယောက် ဇွန် ၆

New Line Cinema ရုပ်ရှင်ကုမ္ပဏီ၏ Companion အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား ဟာဗေးဂွီလန်း၊ လူးကပ်ကေ့နှင့် မင်းသမီး မီဂန်ဆူရီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Companion ဇာတ်ကားတွင် အထက်ပါ သရုပ်ဆောင်သုံးဦးတို့သည် မင်းသား ဂျက်ကွစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား၏ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Companion ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒရူးဟန်းကော့က တာဝန်ယူ ရေးသားပေးထားပြီး ကိုယ်တိုင်လည်း တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ယခင်က ရုပ်သံဇာတ်လမ်းတွဲများသာ တာဝန်ယူရိုက်ကူးခဲ့သည့် ဇာတ်ညွှန်းရေးဆရာ ဒရူးဟန်းကော့အတွက် ပထမဆုံးရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

KKO



# Spider Man-4 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု ဆိုင်းငံ့ထားရ

နယူးယောက် ဇွန် ၆

ဇာတ်ညွှန်းရေးဆရာများအသင်း သပိတ်ကြောင့် ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider Man-4 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု ဆိုင်းငံ့ထားရကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇွန် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Spider Man-4 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းဆိုင်းငံ့ထားရမှုကို ထုတ်လုပ်သူ အေမီပါစကယ်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဇာတ်ညွှန်းရေးဆရာများ သပိတ်ပြီးဆုံးပါက အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အေမီပါစကယ်က Spider Man ပရိသတ်များကို အာမခံချက်ပေးထားသည်။

Spider Man-4 ဇာတ်ကားတွင် မင်းသား တွမ်ဟော်လန်းက ပင် Spider Man အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါဇာတ်ကား၌ မင်းသမီး ဇန်ဒါယာ အပါအဝင် ယခင် Spider Man ဇာတ်ကားများမှ သရုပ်ဆောင်များလည်း ပြန်လည်ပါဝင်သရုပ်ဆောင်လာကြဖွယ်ရှိကြောင်း သိရသည်။

KKO



# Funeral rites of Bhamo Sayadaw, Chairman of State Sangha Maha Nayaka Committee, held


Senior General Min Aung Hlaing and congregation take Five Precepts from Sayadaws.

**Nay Pyi Taw June 6**

Chairman of State Sangha Maha Nayaka Committee Patron of Bhamo Monastery, Maha Nwezin Ward, Maha Aungmyay Township, Mandalay Region, Sayadaw Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotika Dr Bhaddanta Kumarabhivamsa passed away peacefully at 11.11 pm on 7th waxing day of Nayon 1385 ME (25 May (Thursday) 2023) at the age of 94, vasa 74. Funeral rites of the Sayadaw were held at the monastery this afternoon.

Present were eminent Sayadaws led by Secretary of SSMNC Patron of Minkyaung Pathamabyan Religious School in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candimabhivamsa and State Ovadacariya Vice Sangha Raja of Shwekyin Nikaya Chancellor of Sitagu International Buddhist Academies Sayadaw Abhidhaja Maha Rattha Guru Abhidhaja Agga Maha Saddhamma Jotikadhaja Dr Bhaddanta Nyanissara, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, SAC Joint Secretary Lt-Gen Ye Win Oo and wife, SAC member Lt-Gen Yar Pyae, union ministers, the Mandalay Region chief minister, senior military officers from Office of Commander-in-Chief and wives, the Central Command commander, devotees, members of Sangha, nuns, Buddhist association, associations of other faiths, and local people.

The congregation led by the Senior General received the Five Precepts from Thanlyin Minkyaung Sayadaw. Senior General Min Aung Hlaing, Union Minister for Religious Affairs and Culture U Ko Ko, Chief Minister U Myo Aung, and Command Commander Maj-Gen Ko Ko Oo covered the coffin in which the remains of Bhamo Sayadaw were placed with a holy velvet.

Thanlyin Minkyaung Sayadaw read out the message of condolence. The Union Minister for RA and C read out the message of commiserations. Of the messages of condolence sent by internal and external leaders and religious associations, the message sent by the Prime Minister of Sri Lanka and the message sent by the chairman Sayadaw of Amarapura Sangha Council in Sri Lanka were read out by an official of region government, the message sent by the Pope was read out by Cardinal Charles Bo, Archbishop of Yangon Catholic Archdiocese, the message sent by All Myanmar Islam Association was read out by U Wunna Shwe, the message sent by the Buddhist Association of China was read out by an official of region government.

The Senior General and wife presented offertories to Thanlyin Minkyaung Sayadaw. Other attendees also presented offertories to Buddhist monks.

Member of State Central Working Committee of the Sangha Patron of Masoeyein Taikthit, Mandalay Sayadaw Agga Maha Pandita Maha Dhammakathika Bahujanahitadhara Bhaddanta Vasethabhivamsa delivered a sermon, and the congregation shared the merits gained.

Master of ceremonies read out the brief biography of Bhamo Sayadaw.

*See Page 13*


Senior General Min Aung Hlaing and congregation pay homage to the remains of Bhamo Sayadaw.


Senior General Min Aung Hlaing pays homage to the remains of Bhamo Sayadaw.


The final rites of Bhamo Sayadaw in progress.



Senior General Min Aung Hlaing and party carrying the coffin of Bhamo Sayadaw.



Senior General Min Aung Hlaing pays homage to the remains of Bhamo Sayadaw.

*From Page 12*

Devotees led by the Senior General asked for forgiveness of sins and paid respects to the Sayadaw's remains.

At the second phase of the ceremony, the remains were conveyed to the funeral ground in Chanmyathazi Township. After the MC made a request to convey the remains to the decorated Karaweik carriage, eight devotee monks carried the remains to the archway, eight dignitaries led by the Senior General from the archway to the designated place, eight steering committee members and eight relatives from the respective designated places to the decorate carriage. Then the remains were conveyed to the crematorium in the funeral ground.

The Karaweik decorated float carrying the remains of the Sayadaw flanked by administration vehicles, vehicles of State Ovadacariya Sayadaws and Maha Nayaka Sayadaws, the vehicles carrying pictures of the Sayadaw, vehicles of religious flag bearers and disciples, vehicles of royal ceremonial troupes, 500 monks each in east and west positions of the Karaweik decorated float, relatives and religious association, was pulled by 50 disciples each and local residents on both sides of the decorated float. Along the route, members of the Sangha, nuns and disciple people also flanked the decorated float.

In the third portion of the ceremony, the final rites ceremony took place. Conveyance of the remains of the Sayadaw was started by eight members of the Sangha onto the incineration chamber, and the officials of the region government conveyed it onto the decorated float.

The master of ceremonies supplicated conveyance of the remains onto the incineration chamber with the Abhiyacana Nimantana Gatha and the remains was conveyed onto the chamber on the agenda.

The Senior General paid homage to the remains of the Sayadaw.

They all led by members of the Sangha paid homage to the remains for forgetting their sins by reciting Aniccavata Sankhara Gatha.

Then, the congregation recited Sadhu three times and members of the Sangha pressed the button to cremate the remains.

The Sayadaw has served as Chairman of the State Sangha Maha Nayaka Committee and the Chairman of the State Sangha Central Working Committee of the Sangha for some 13 years. He was born to U Bo Thit and Daw Aye Thaik in Yabe Village of Taungtha Township in Mandalay Region on 14th Waxing of Tawthalin, 1291 ME, Monday. He was initiated into novice on 8 waxing of Waso 1304 ME. The Sayadaw was ordained on 10 waxing of Tabodwe 1310 ME. The Sayadaw learned Pariyatti literature and received many religious titles offered at home and abroad. The Saydaw served as member of the State Central Working Committee of the Sangha from first to sixth times till March 2010, as Secretary of the SSMNC from March to July 2010 and Chairman from July 2010 to date. He also served as Chancellor of State Pariyatti Sangha Universities.

The government offered Abhidhaja Maha Saddhamma Jotika title to the Sayadaw in 2009 and Abhidhaja Agga Maha Rattha Guru title in 2011 for serving the religious affairs. The Sayadaw, aged 94, vasa 74, passed away at 11:11 pm on 25 May (Thursday) 2023, 7th waxing of Nayon 1385 ME.

The ash of the Sayadaw will set adrift into the water of Ayeyawady River at Mayanchan Port in Mandalay on the morning of 7 June. 100



Large crowds of mourners attending the final rites of Bhamo Sayadaw.

# Iran hails 'new era' as embassy reopens in Saudi Arabia

**Kabul June 6**

Iran has reopened its embassy in Saudi Arabia, seven years after the regional rivals severed diplomatic ties.

Representatives of the Iranian and Saudi foreign ministries attended the ceremony in Riyadh, Saudi-owned Al Arabiya TV reported.

Iran's Deputy Foreign Minister, Alireza Bigdeli, said it was a sign that co-operation was "entering a new era".

It comes three months after the Gulf countries agreed to restore ties in a deal brokered by China.

Saudi Arabia cut ties with Iran in 2016 following the storming of its embassy in Tehran by crowds protesting against the kingdom's execution of a prominent Shia Muslim cleric.

At a meeting with his Saudi counterpart Prince Faisal bin Farhan Al Saud in Cape Town last Friday, Iranian Foreign Minister Hossein Amir-Abdollahian expressed satisfaction with the "good progress made in bilateral ties".

Iran's foreign ministry also cited Prince Farhan as saying that the groundwork was being laid to reopen the Saudi embassy in Tehran and confirming that he would visit there "soon".

BBC

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Vice-Senior General Soe Win addresses National Natural Disaster Management Committee on national rehabilitation coordination meeting


Vice-Senior General Soe Win addresses the coordination meeting.

**Nay Pyi Taw June 6**

A national coordination committee meeting on rehabilitation of the National Disaster Management Committee was held at the meeting hall of the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win addressed the meeting.

Also present at the meeting were union ministers, the union attorney general, the chief of general staff (Army, Navy, Air), senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers, permanent secretaries, directors general and officials while union ministers Lt-Gen Tun Tun Naung, U Myo Thant and Dr Thet Thet Khaing and chief ministers from the Chin State, Magway Region, Rakhine State, Yangon Region and Ayeyarwady Region participated in the meeting via video conference.

First, the Vice-Senior General delivered a speech, saying the purpose of the meeting is concerned with damage caused by severe cyclonic storm Mocha on 14 May in Rahkine State and nearby area and accelerating the on-going rehabilitation efforts. Relevant committees are carrying out rehabilitation efforts depending on the damage. In doing so, 17 townships in Rakhine State and four townships in Chin State have been declared as the areas under natural disaster and rehabilitation efforts are being carried out. As for the government, senior officers of the Tatmadaw have been sent to each township to perform duties. Similarly, members of the NNDMC has been sent to areas affected by the storm to remove the damage. As a result, progress has been seen within three weeks. It is necessary to exert efforts to make more progress.

In cooperation with the international community, it is necessary to re-designate the rehabilitation period under section 11 and 26 of the Natural Disaster Management Law must as soon as possible. Based on the rehabilitation period and lessons during Nargis Cyclone, as it is necessary to carry out rehabilitation efforts of all-round and all-sector rehabilitation during the post-Mocha period as soon as possible, all relevant ministries are required to cooperate.

Relief items donated by well-wishers and assistance purchased through the natural disaster funds are being transported to disaster-hit areas. In doing so, Tatmadaw aircraft and vessels are being used. It is necessary for the management committee to negotiate the cost of transporting aid by civilian transportation services.

In spending the funds, ministries affected by the ministries are required to repair the first phase of damage by spending its funds and are required to apply for more funds from the national level natural disaster response emergency fund. If further needed, they are required to request more funds from the budget. In order to be able to do so, the meeting has been held to discuss necessary negotiations.

At the first time, compiling statistics in Rakhine State was carried out in cooperation with local authorities. It was also learnt that there was damage in Chin State, Magway Region, Ayeyarwady and Sagaing Region. Damage in all states and region will be assumed as the national damage and necessary measures will be taken.

Storm warnings were issued before 6th May and preventive measures were issued along the route of the storm during the storm in real time. As news was broadcast in real time, the media of the country were trusted not only by local but also by foreign news agencies. As a result, it is necessary to place an emphasis on releasing news on rehabilitation efforts in real time.

When it was announced that school would be reopened on 1 June, students and parents were concerned that basic education and higher education schools would not be reopened in a timely manner. Thanks to the relentless efforts of the rehabilitation committee together with the ministry of construction, the Myanmar Construction Entrepreneurs Federation, the Myanmar Licensed Contractors Federation and the Myanmar Civil and Infrastructures Development Association, the contractors under the Ministry of Education are co-ordinating to give priority to open schools in safe shelters in different townships. To reopen universities, the Ministry of Construction is taking responsibility and as a result, basic education and higher education schools could be reopened on 1 June. As schools could be reopened in a timely manner, the concerns of local residents could be relieved and such was the success of the rehabilitation efforts. In addition, it is necessary to repair station hospitals and township hospitals as soon as possible.

96 percent of rehabilitation tasks on communications in Rakhine State have been completed. The Ministry of Electric Power has completed 93 percent in reinstalling the 230 KV power line and 98 percent in 66 KV line between the cities of Ponnagyun and Sittway. On June 7, Sittway and Ponnagyun could be supplied power through those power lines. In those cities, electricity will be distributed with 11 KV power lines. Regarding health, priority was given to fixing the kidney cleansing machine in Sittway and now it has been fixed, which means good news for kidney patients. Moreover, sawn wood and logs necessary for rehabilitation tasks could be sent to the cyclone-affected areas timely.

It is necessary to complete reconstruction of buildings as soon as possible in rehabilitation tasks at different priority levels and make arrangements to provide seeds and agricultural equipment necessary for farmers as now is the start of growing season. In taking rehabilitation measures, it is to make it better than original conditions in accordance with the Prime Minister's guidance. Relief assistance in cash and kind provided or donated by international organizations, local and overseas well-wishers and donors are systematically received and distributed to the cyclone-affected areas as quickly as possible. I would like to thank the AHA Center for its assistance too.

Then, Vice-Chairman of National Disaster Management Committee Union Minister for Home Affairs Lt-Gen Soe Htut reported on measures taken by the committee in the periods before and after the cyclone, tasks being carried out for fixing communications network, efforts being made to restore power supply as quickly as possible, collecting stats on the damaged, and the need to be able to set a rehabilitation period. In his report, he said that relief items have been transported by military and civilian vessels and aircraft in the post-cyclone period. As of June 5, military vessels have transported 3,613.20 tons of cargo and 874 people in nine different times, military aircraft 454.622 tons of cargo and 3,477 people in 152 different times, and the Ministry of Transport and Communications 32.02 tons of cargo by road in two different times, 13,722.731 tons of cargo by water in nine different times and 0.618 ton of cargo by air in four different times, 17,937.791 tons of cargo and 4,351 people in total in 177 different times. Military vessels consumed 192,358 gallons of diesel and 1,927 gallons of lubricating oil for nine voyages from Yangon to Sittway. 61,227 gallons of diesel and 351 gallons of lubricating oil have been used for 22 trips in distributing and transporting 1547 tons of relief items to the cyclone-affected areas from Sittway. In total, 253,585 gallons of diesel and 2,278 gallons of lubricating oil have been consumed. Military aircraft and helicopters have consumed 147,833 gallons of fuel oil for 152 flights. Civilian vehicles, vessels and aircraft have consumed 43,100 gallons of fuel oil in 15 trips by road, water and air. The cyclone damaged 498 health facilities and

See Page 15

*From Page 14*

40 percent of the damage have been repaired. Health service was rendered to 9,291 out-patients and 4,341 inpatients between the start of the storm and May 31. There were 815 patients who suffered from diarrhea and of them, 11 were hospitalized. Chlorine was added to 3,069 wells and ponds in Rakhine State. Rubbish, trees and dead animals in drinking ponds were removed. For construction tasks for rehabilitation, 64 tons of logs, 1,838 tons of sawn wood, 24 tons of nail, and 13 tons of roofing nails have been transported. For agriculture and livestock, 116 buffaloes and 80 tractors have been bought and provided. Veterinary treatment was given to 318 head of cattle, 69 pigs and 10 goats. In Ayeyawady Region, 226 buildings have been repaired, 448 in Magway Region and 1,198 in Chin State.

Union Minister for Social Welfare, Relief and Resettlement Dr Thet Thet Khaing reported on an entry of Ks26.009 billion in cash donation into Myanmar Economic Bank and an entry of US$375,000 into Myanmar Foreign Trade Bank until June 5, a purchase of 10,000 tons of rice (200,000 bags) in reserves from the disaster management fund, 60,000 bags of rice earmarked for Rakhine State, 2,169 bags of rice donated by well-wishers, transport of 62,169 bags of rice to Sittway, transport of 640 bags of rice to Chin State, 100,000 corrugated iron sheets purchased and transported to Sittway, 204,502 sheets donated by well-wishers and transported to Sittway, conducting of ground surveys to Sittway, Yathedaung, Kyauktaw and Ponnakyun towns by ASEAN-ERAT, and arrivals of seven flights of relief supplies from AHA Centre.

Union Minister for Transport and Communications Admiral Tin Aung San reported on supply of relief aid in stages, fuel supplies for transport of relief supplies by car, by ship and by air, and reconstruction of schools and other buildings in Rakhine State by the Ministry of Construction.

Union Minister for Planning and Finance U Win Shein reported on spending of money for normal and capital expenses in line with the financial rules, and making of systematic records of money donated at home and abroad and spending after scrutiny of the disaster management committee.

Union Minister for International Cooperation U Ko Ko Hlaing reported on international community's interest in cooperation on relief measures, offers from UN agencies, ASEAN, international Red Cross societies and INGOs to cooperate, the need for providing humanitarian aid without discrimination and politics, contacts with the Humanitarian Country team, granting of permission for the visit of the Secretary General of ASEAN as the ASEAN Humanitarian Assistance Coordinator (SG-AHAC) to the damage sites, and formation of On-Side Operation Coordination Centre.

Union Minister Dr Thida Oo reported on enforcement of a two-month period for disaster-affected areas in accord with Section 11 of the law, the possibility to extend the period for next two months and so on if the situation does not return to normal, and the need to stop the enforcement period when the situation returns to normal in accord with the sub-section (a) or (b) of the bylaw.

Then, the union ministers and officials from the management committees and 12 work committees and the chief ministers of Chin and Rakhine states and Magway, Yangon and Ayeyawady regions reported on emergency response measures, loss and damage of ministerial buildings and their repairs, plans to engage in agriculture and livestock breeding in the aftermath of the storm, plans to obtain safe drinking water and electricity, healthcare services, availability of correct figures and accounts, withdrawals and spending of funds in line with the financial rules and setting of a rehabilitation period.

Chief of the General Staff (Army, Navy and Air) General Maung Maung Aye and senior military officers explained preparations for rescue and relief before the storm, sending of 10 convoys of military vehicles 12 May to the respective regions that might be hit by the storm, water and air transport of foodstuffs and relief supplies donated by Tatmadaw (Army, Navy and Air) families and public well-wishers and the disaster management committee, sales of rice, cooking oil, salt, eggs and vegetables to the storm victims in Rakhine State at cheap prices and assistance in rehabilitation work.

Later, the Vice-Senior General coordinated the reports and discussions as necessary and gave a concluding remark.

100

# Air KBZ launches Loikaw-Yangon direct flight on 4 June




**Yangon June 6**

Air KBZ launched the Loikaw-Yangon direct flight on 4 June, according to the press release of the airlines.

Air KBZ arranges extending its wings with direct domestic and international flights for convenience of passengers.

The newly-launched Loikaw-Yangon direct flight will be run on Wednesday and Sunday on a weekly basis.

The flight starts its trip from Yangon at 7.30 am and arrives in Loikaw at 8.35 am. It will take off from Loikaw at 8.55 am and arrive back in Yangon at 10 am. Flight ticket is charged at K176,000 per passenger.

Currently, Air KBZ is running Yangon-Kalay-Yangon flight on Tuesday, Wednesday and Saturday weekly and it extends one more day on Thursday. So, the airlines operates four day a week on Yangon-Kalay-Yangon flight.

On Tuesday, Wednesday and Saturday, the flight departs from Yangon at 8 am and arrives in Kalay at 10 am. It returns from Kalay at 10.20 am and arrives back in Yangon at 12.20 pm.

On Thursday for the recently-extended flight, the plane leaves Yangon at 1.25 pm and arrives in Kalay at 3.25 pm. It leaves Kalay at 3.45 pm and arrives back in Yangon at 5.45 pm. The flight ticket is charged at K207,000 per passenger.

336

# Number of cargo ships carrying imported goods on the rise from Bhamo to Mandalay



**Mandalay June 6**

Number of cargo ships carrying imported commodities heading for Gawwin port of Mandalay from Bhamo is on the rise again, said Chairman of Mandalay Region Private Vessel Discipline Enforcement Committee U Win Maung.

Cargo ships transport foodstuffs, clothes and personal goods as well as construction materials from Bhamo port to Gawwein and Chaw jetties in Mandalay along Ayeyawady River. Now, import volume is larger and larger. Among them, foodstuffs and clothes are larger.

"Now is high water level in the river. So, water course is proper to drive cargo ships and passengers to transport goods. Hence, number of vessels carrying commodities imported from China is on the increase leading to Gawwein port of Mandalay from Bhamo," said the chairman.

Number of cargo ships was more than 20 per day in the last week of May, compared to more than 40 vessels per day as from the first week of June.

Likewise, more than 300 cargo ships are ready to transport cargo from Mandalay to Yangon, Monywa, Sagaing, Katha, Htigyaing and Katha.

184

# Inside the Taliban's war on drugs - opium poppy crops slashed

**Kabul June 6**

Balancing an AK-47 assault rifle slung around his left shoulder and with a large stick in his right hand, Abdul hits the heads of poppies as hard as he can. The stalks fly in the air, as does the sap from the poppy bulb, releasing the distinctive, pungent smell of opium in its most raw form.

Within a matter of minutes, Abdul and a dozen other men raze the poppy crop which covered the small field. Then the armed men, all wearing a shalwar kameez (a traditional Afghan tunic with loose fitting trousers), most with long beards and some with kohl-lined eyes, pile into the back of a pickup truck and move on to the next farm.

The men belong to a Taliban anti-narcotics unit in the eastern Nangarhar province of Afghanistan, and we've been given rare access to join them on one of their patrols to eradicate poppy farming. Less than two years ago the men were insurgent fighters, part of a war to seize control of the country. Now they've won and are on the ruling side, enforcing the orders of their leader.

BBC



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

နောက်ဆုံးတောင်းပန်ကန်တော့ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ချမ်းမြသာစည်မြို့နယ်ရှိ ဈာပနကွင်းသို့ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးက ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွချီတော်မူပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ကရဝိက်ယာဉ်ပေါ်သို့ပင့်ဆောင်ရန်အတွက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ပင့်ဆောင်ရာတွင် တပည့်သံဃာတော်ရှစ်ပါးက ဗိမာန်တော်မှ ဗိမာန်တော်မုခ်ဦးအထိ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် အကြီးအကဲရှစ်ဦးက ဗိမာန်တော်မုခ်ဦးမှ သတ်မှတ်နေရာအထိ၊ ထိုမှတစ်ဆင့် ဦးစီးကော်မတီရှစ်ဦး၊ ဆွေတော်မျိုးတော် ရှစ်ဦးတို့က သတ်မှတ်နေရာအသီးသီးမှ ကရဝိက်ယာဉ်တော်ပေါ်အထိ အသီးသီးပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ ချမ်းမြသာစည်မြို့နယ်ရှိ ဈာပနကွင်းသို့ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်ရာတွင် ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်ကိုတင်ဆောင်ထားသည့် ကရဝိက်ယာဉ်တော်အား အုပ်ချုပ်မှုယာဉ်များ၊ သက်တော်ရှည် နိုင်ငံတော် ဩဝါဒါဆရာတော်ကြီးများနှင့် မဟာနာယကဆရာတော်ကြီးများ၏ ယာဉ်များ၊ ဆရာတော်ကြီး၏ ပုံတော်တင်ယာဉ်၊ သာသနာ့အလံကိုင် ဥပါသကာများနှင့် ကြေးစည်ကိုင် ဥပါသကာများ၏ယာဉ်များ၊ ဒေဝါဝင်း၊ ရာဇဝင်းအဖွဲ့ယာဉ်များ၊ ကရဝိက်ယာဉ်တော်၏ရှေ့တွင် သံဃာတော်အပါး ၅၀၀၊ အနောက်တွင် သံဃာတော်အပါး ၅၀၀၊ တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဝတ်အသင်းအဖွဲ့များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ လိုက်ပါ၍ ကရဝိက်ယာဉ်တော်၏ဝဲယာတွင် ဝတ်ဖြူစင်ကြယ်ဝတ် ဥပါသကာဦးရေ ၅၀ စီနှင့် ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများက ပိတ်ဖြူစ(တမုတ်ကြိုး)ဆွဲ၍ ပင့်ဆောင်ပူဇော်ကြသည်။ ပင့်ဆောင်ရာလမ်းကြောင်းတစ်လျှောက်တွင် သံဃာတော်များ၊သာသနာ့နွယ်ဝင် သီလရှင်များ၊တပည့်ဒါယကာ၊ ဒါယိကာမများ၊ ပြည်သူလူထုအပေါင်းတို့က လိုက်ပါခြံရံ၍ စည်ကားသိုက်မြိုက်စွာဖြင့် ပို့ဆောင်တော်မူကြသည်။

ဆက်လက်ပြီး အခမ်းအနားအစီအစဉ် တတိယပိုင်းအဖြစ် အန္တိမဈာပနပူဇာသဘင်ကိုကျင်းပပြုလုပ်ရာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်တော်ပေါ်မှ လောင်တိုက်ပေါ်သို့ တပည့်သံဃာတော် ရှစ်ပါးတို့က စတင်ပင့်ဆောင်ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် အခမ်းအနားမှူးက ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့်တောင်းပန်လျှောက်ထားပြီး ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ အစီအစဉ်အတိုင်းပင့်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ အနိစ္စာဝတသင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကိုရွတ်ဆိုပွားများပြီး အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လျှာဖြင့် နောက်ဆုံးတောင်းပန်ကန်တော့ခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ တောင်းပန်ကန်တော့ခြင်းများ ပြုလုပ်ပြီး၍ သာဓုသုံးကြိမ်ခေါ်ဆိုကြပြီးနောက် တပည့်သံဃာတော်များက စက်ခလုတ်နှိပ်၍ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိဈာပနတေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၁၃ နှစ်နီးပါးတာဝန်ထမ်းဆောင်ခဲ့သည့် သာသနာ့ဦးသျှောင် ဆရာတော်ဘုရားကြီးဖြစ်ကြောင်း၊ ဗန်းမော်ဆရာတော်ဘုရားကြီး အလောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက် တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရဘဲကျေးရွာ၌ ခမည်းတော် ဦးဘိုးသစ်၊ မယ်တော် ဒေါ်အေးသိုက်တို့မှ ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၀၄ ခုနှစ် ဝါဆိုလဆန်း ၈ ရက် တနင်္လာနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ ရက် တနင်္လာနေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ပြည်တွင်း၊ ပြည်ပမှချီးမြှင့်တော်မူသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များစွာကိုရရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ပထမအကြိမ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ် မတ်လအထိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိအဖြစ်လည်းကောင်း သာသနာ့တာဝန်များကိုဆောင်ရွက်တော်မူခဲ့ကြောင်း။

ထိုကဲ့သို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဍ္ဍနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဒ္ဓိပေသလ သိက္ခာကာမဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် **"အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက"**ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"**ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း၊ ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူလျက်ရှိစဉ် သက်တော် ၉၄ နှစ် သိက္ခာတော် ၇၄ ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပို့လွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနားကို ရောဝတီမြစ် မရမ်းခြံဆိပ်ကမ်း၌ ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဥတုရုပ်ကလာပ်တော်အား အဂ္ဂိဈာပနတေဇောဓာတ်ဖြင့်ပူဇော်စဉ်။

## ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနားကို ဇွန် ၇ ရက်**(ယနေ့)** နံနက် ၇ နာရီ မိနစ် ၅၀ မှစတင်ပြီး MRTV HD Channel၊ MRTV Farmers Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ မဟာဗောဓိရုပ်သံလိုင်းနှင့် Buddha Channel တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

☆ ကျောဖုံးမှအဆက်

ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မေ ၁၄ ရက်က ရခိုင်ပြည်နယ်နှင့် ဆက်စပ်ဒေသများသို့ တိုက်ခတ်ခဲ့သည့်အလွန့်အလွန်အားကောင်းသော (မိုခါ)မုန်တိုင်းနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုများကို မုန်တိုင်းအလွန်ကာလ ဆောင်ရွက်ဆဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုပေါ် မူတည်၍ သက်ဆိုင်ရာကော်မတီအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ ရခိုင်ပြည်နယ်ရှိ ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သော နယ်မြေများအဖြစ် သတ်မှတ်၍ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် တပ်မတော်အရာရှိကြီးများကို တစ်မြို့နယ်လျှင် တစ်ဦးခန့်အပ်တာဝန်ပေး၍ တာဝန်ထမ်းဆောင်စေလျက်ရှိကြောင်း၊ အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များကိုလည်း စစ်တွေမြို့တွင် ရုံးထိုင်စေပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်စေလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများကြောင့် သုံးပတ် သုံးရက်အတွင်း ဆောင်ရွက်မှုများ တိုးတက်မှုရှိသည်ကို တွေ့ရကြောင်း၊ ယခုထက်ပို၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ နှင့် ပုဒ်မ ၂၆ တို့အရ မုန်တိုင်းလွန်ကာလဖြစ်သည့် ပြန်လည်ထူထောင်ရေးကာလကို သတ်မှတ်နိုင်ရေးသည် အရေးကြီးသည့်အတွက် အမြန်ဆုံးသတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း၊ နာဂစ်ကာလတွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးကိစ္စများကို အတွေ့အကြုံယူ၊ သင်ခန်းစာယူ၍ မိုခါမုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလှူရှင်များလှူဒါန်းသည့် ပစ္စည်းများ၊ သဘာဝဘေးရန်ပုံငွေမှ ဝယ်ယူဖြည့်တင်းထားသည့်ပစ္စည်းများကို သဘာဝဘေးသင့်ဒေသများသို့ ပေးပို့လျက်ရှိကြောင်း၊ထိုသို့ပေးပို့ရာတွင် တပ်မတော်လေယာဉ်၊ ရေယာဉ်များအပြင် အရပ်ဘက်မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်များနှင့်ပါ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ အရပ်ဘက်မော်တော်ယာဉ်၊ ရေယာဉ်များအတွက် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက နှုန်းထားသတ်မှတ်ပြီး ပံ့ပိုးပေးသွားနိုင်ရန် ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း။

ငွေကြေးသုံးစွဲမှုအနေဖြင့် မုန်တိုင်းကြောင့် ဝန်ကြီးဌာနများအလိုက် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြုပြင်ထိန်းသိမ်းမှုစရိတ်မှ ပထမအဆင့် ပြန်လည်ပြုပြင်ရမှာဖြစ်ပြီး လုံလောက်မှုမရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအရေးပေါ် ရန်ပုံငွေသို့ တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထပ်မံလုံလောက်မှုမရှိပါက ထပ်မံတင်ပြနိုင်သည့် ပြုပြင်ပြီး ဘတ်ဂျက်သို့ လိုအပ်ချက်များကို တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့သုံးစွဲနိုင်ရန် ယခုအစည်းအဝေးတွင် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း။

ပထမအကြိမ် စာရင်းကောက်ယူခြင်းကို ရခိုင်ပြည်နယ်ရှိ မြို့နယ်များအလိုက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ကို သိရကြောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပျက်စီးဆုံးရှုံးခဲ့သည်များကို နိုင်ငံအဆင့် ပျက်စီးဆုံးရှုံးမှုစာရင်းတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မုန်တိုင်းမကျရောက်မီ မေ ၆ ရက်မှ စတင်၍ မုန်တိုင်းအန္တရာယ်ကြိုတင်သတိပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းကာလအတွင်း မုန်တိုင်းလမ်းကြောင်းတစ်လျှောက် မုန်တိုင်းရောက်ရှိမည့်နေရာဒေသများကို မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုကဲ့သို့ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ခဲ့သည့်အတွက် ပြည်တွင်းမှသာမက ပြည်ပနိုင်ငံများကပါ မိမိတို့သတင်းဌာနများကို ယုံကြည်မှုများ ပိုမိုရှိလာကြောင်း၊ ထို့ကြောင့် မုန်တိုင်းလွန်ကာလပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ချက်သတင်းများ စုစည်းပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းများဖွင့်လှစ်ရန် ကြေညာခဲ့ရာ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများ အချိန်မီဖွင့်လှစ်နိုင်မည်ကို ဒေသခံကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများက စိုးရိမ်စိတ်များရှိခဲ့ကြကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများ၏ အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနှင့် ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ဆောင်ရွက်နေသော ဆောက်လုပ်ရေးကန်ထရိုက်တာအဖွဲ့များက ပေါင်းစပ်ညှိနှိုင်း၍ မြို့နယ်များခွဲကာ အခြေခံပညာအထက်တန်းကျောင်းများ မိုးလုံလေလုံဖွင့်လှစ်နိုင်ရန် ဦးစားပေးအဆင့်များခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း၊ တက္ကသိုလ်အဆင့်ကျောင်းများ ဖွင့်လှစ်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ထို့ကြောင့် ဇွန် ၁ ရက်တွင် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာအဆင့်ကျောင်းများအပြင် အဆင့်မြင့်ပညာကျောင်းများပါဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ထိုသို့ ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ စိုးရိမ်သံသယစိတ်များကို ပြေပျောက်စေခဲ့ကြောင်း၊ ထိုစိုးရိမ်သံသယစိတ်များကို ပြေပျောက်စေခြင်းသည် ပြန်လည်ထူထောင်ရေးလုပ်ငန်း၏အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ ဆက်လက်၍ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်ဆေးရုံများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ၉၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် 230 KV လိုင်းသည် ၉၃ ရာခိုင်နှုန်းနှင့် 66 KV ပုဏ္ဏားကျွန်း-စစ်တွေလိုင်းသည် ၉၈ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ဇွန် ၇ ရက်တွင် 230 KV လိုင်းနှင့် ဆက်စပ်၍ 66 KV လိုင်းမှ စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့များသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်မည်ဖြစ်ကြောင်း၊ 11 KV လိုင်းဖြင့် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်သို့ လျှပ်စစ်ဓာတ်အားစတင်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စစ်တွေမြို့ရှိ ကျောက်ကပ်ဆေးသည့်စက်ကို ဦးစားပေးပြင်ဆင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျောက်ကပ်ဝေဒနာရှင်လူနာများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့်သစ်ခွဲသားများနှင့် သစ်လုံးများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ အချိန်မီရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်း၊ ဆေးရုံစသည်ဖြင့် ဦးစားပေးအဆင့်အလိုက် အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရာသီဖြစ်သည့်အတွက် တောင်သူများအတွက် လိုအပ်သည့် မျိုးစေ့များနှင့် လယ်ယာသုံးကိရိယာစက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင်၊ အလှူရှင်များက ပေးပို့လှူဒါန်းသည့် ပစ္စည်းများနှင့်အလှူငွေများကို စနစ်တကျလက်ခံလျက်ရှိပြီး မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲပေးပို့လျက်ရှိကြောင်းနှင့် AHA Center ၏ ပံ့ပိုးကူညီမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က မုန်တိုင်းကြိုကာလနှင့် မုန်တိုင်းဖြစ်ပွားစဉ်ကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်စေရန်ဆောင်ရွက်နေမှု၊လျှပ်စစ်ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိရေးကြိုးပမ်းဆောင်ရွက်နေမှု၊ ပျက်စီးဆုံးရှုံးမှုစာရင်းများ မှန်ကန်စွာရရှိရေးကောက်ခံနေမှု၊ပြန်လည်ထူထောင်ရေးကာလသတ်မှတ်နိုင်ရန် လိုအပ်မှု၊ မုန်တိုင်းလွန်ကာလတွင် ကူညီထောက်ပံ့ရေးပစ္စည်းများကို စစ်ဘက်၊ အရပ်ဘက်ရေယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်ပေးနေမှုနှင့်ပတ်သက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် သယ်ယူပို့ဆောင်ပေးမှုအနေဖြင့် ဇွန် ၅ ရက်အထိ စစ်ရေယာဉ်များဖြင့် ကိုးခေါက် ကုန်ပစ္စည်းတန်ချိန် ၃၆၁၃ ဒသမ ၂၀ တန်နှင့် လူဦးရေ ၈၇၄ ဦး၊ တပ်မတော်လေယာဉ်များဖြင့် ၁၅၂ ခေါက် ကုန်ချိန် ၄၅၄ ဒသမ ၆၂၂ တန်နှင့် လူဦးရေ ၃၄၇၇ ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ပို့ဆောင်မှုအနေဖြင့် ကုန်းလမ်း နှစ်ခေါက် ၃၂ ဒသမ ဝ၂ တန်၊ ရေလမ်းဖြင့် ကိုးခေါက် ကုန်ချိန် ၁၃၇၂၂ ဒသမ ၇၃၁ တန်၊ လေကြောင်းဖြင့် လေးခေါက် သုည ဒသမ ၆၁၈ တန်၊ အရပ်ဘက်၊ တပ်ဘက်ပို့ဆောင်မှုစုစုပေါင်း ၁၇၇ ခေါက်တွင် ကုန်ချိန် ၁၇၉၃၇ ဒသမ ၇၉၁ တန်နှင့် လူဦးရေ ၄၃၅၁ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့မှု၊စက်သုံးဆီသုံးစွဲမှုအနေဖြင့် တပ်မတော်စစ်ရေယာဉ်များအနေဖြင့် ရန်ကုန်မှ စစ်တွေသို့ ခရီးစဉ်ကိုးကြိမ်အတွက် ဒီဇယ်ဆီ၁၉၂၃၅၈ ဂါလန်နှင့် ချောဆီ ၁၉၂၇ ဂါလန် ကုန်ကျခဲ့ပြီး စစ်တွေမှ သက်ဆိုင်ရာဒေသများသို့ ကုန်ပစ္စည်းများဖြန့်ခွဲရာတွင် ခရီးစဉ် ၂၂ ကြိမ်အတွက် ကုန်ပစ္စည်းတန်ချိန် ၁၅၄၇ တန် ဖြန့်ခွဲပို့ဆောင်ခဲ့ရာ ဒီဇယ်ဆီ ၆၁၂၂၇ ဂါလန်နှင့် ချောဆီ ၃၅၁ ဂါလန်ကုန်ကျခဲ့၍ စုစုပေါင်းဒီဇယ်ဆီ ၂၅၃၅၈၅ ဂါလန်နှင့် ချောဆီ ၂၂၇၈ ဂါလန် ကုန်ကျခဲ့မှု၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များအနေဖြင့် ၁၅၂ ခေါက်အတွက် သုံးစွဲကုန်ကျဆီ ၁၄၇၈၃၃ ဂါလန် သုံးစွဲခဲ့မှု၊ အလားတူ အရပ်ဘက်ပို့ဆောင်ရေးယာဉ်များအနေဖြင့် ကုန်းလမ်း၊ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်မှု ၁၅ ခေါက်တွင် စက်သုံးဆီ ဂါလန် ၄၃၁၀၀ သုံးစွဲခဲ့မှုအခြေအနေများကိုလည်းကောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျန်းမာရေးအဆောက်အအုံ ၄၉၈ လုံး ပျက်စီးခဲ့ပြီး ၄၀ ရာခိုင်နှုန်းခန့် ပြန်လည်ပြင်ဆင်နိုင်မှု၊ မုန်တိုင်းတိုက်ခတ်ချိန်မှ မေ ၃၁ ရက်ထိ ပြင်ပလူနာ ၉၂၉၁ ဦး၊ အတွင်းလူနာ ၄၃၄၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့မှု၊ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါ ၈၁၅ ဦးရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသရသူ ၁၁ ဦးရှိခဲ့မှု၊ရခိုင်ပြည်နယ်အတွင်း ရေတွင်း၊ ရေကန်ပေါင်း ၁၀၆၉ ခုတွင် ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါအတွက် အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်နိုင်မှု၊သောက်သုံးရေကန်များအတွင်း အမှိုက်များ၊အပင်များ၊ တိရစ္ဆာန်အသေကောင်များ ဖယ်ရှားရှင်းလင်းမှုလုပ်ငန်းများအပြင် ကန်ပေါင်များမြှင့်တင်ပေးနိုင်မှု၊ တည်ဆောက်ရေးလုပ်ငန်းအတွက် သစ်လုံး ၆၄ တန်နှင့် သစ်ခွဲသား ၁၈၃၈ တန်၊ အိမ်ရိုက်သံ ၂၄ တန်၊ သွပ်ရိုက်သံ ၁၃ တန်ကျော်တို့ကို ပို့ဆောင်ပေးခဲ့မှု၊ စိုက်ပျိုးမွေးမြူရေးအတွက် ကျွဲ ၁၁၆ ကောင်၊ ထွန်စက်အစီး ၈၀ ဝယ်ယူဖြည့်တင်းပေးမှု၊ ထိခိုက်ဒဏ်ရာရပြီး နာမကျန်းဖြစ်နေသည့် ကျွဲ၊ နွား ၃၁၈ ကောင်၊ ဝက် ၆၉ ကောင်နှင့် ဆိတ် ၁၀ ကောင်တို့ကို ဆေးကုသပေးနိုင်မှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် အဆောက်အအုံ ၂၂၆ လုံး၊ မကွေးတိုင်းဒေသကြီးတွင် အဆောက်အအုံ ၄၄၈ လုံး၊ ချင်းပြည်နယ်အဆောက်အအုံ ၁၁၉၈ လုံး ပျက်စီးမှုတို့ကို ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မုန်တိုင်းသင့်ဒေသများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများလက်ခံ၊ ဖြန့်ခွဲပေးနေမှုနှင့်ပတ်သက်၍ ဇွန် ၅ ရက်ထိ မြန်မာစီးပွားရေးဘဏ်သို့ ဝင်ရောက်ပြီး အလှူငွေကျပ် ၂၆ ဒသမ ၀၀၉ ဘီလီယံနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ဝင်ရောက်ပြီး ငွေ အမေရိကန်ဒေါ်လာ ၃၇၅၀၀၀ကျော် ရရှိခဲ့မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ အရန်ဆန်တန်ချိန် ၁၀၀၀၀ (ဆန်အိတ် ၂၀၀၀၀၀)ကို ဆန်စပါးအသင်းချုပ်ထံမှ ဝယ်ယူခဲ့မှု၊ရခိုင်ပြည်နယ်အတွက် လျာထားဆန်အိတ် ၆၀၀၀၀၊ အလှူရှင်များက လှူဒါန်းသည့်ဆန် ၂၁၆၉ အိတ်၊ စုစုပေါင်း ၆၂၁၆၉ အိတ်ကို စစ်တွေသို့ ပို့ဆောင်ပေးခဲ့မှု၊ ချင်းပြည်နယ်သို့ ဆန်အိတ် ၆၄၀ ပို့ဆောင်ခဲ့မှု၊ သွပ်အချပ် ၁၀၀၀၀၀ ဝယ်ယူ၍စစ်တွေသို့ ပို့ဆောင်ပေးခဲ့မှု၊ လှူဒါန်းမှုမှ ရရှိသည့် သွပ်အချပ်ရေ ၂၀၄၅၀၂ ချပ်ကို စစ်တွေမြို့သို့ပို့ဆောင်ပေးခဲ့မှု၊ASEAN - ERAT အဖွဲ့နှင့် စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့တို့တွင် ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့မှု၊ AHA Centre မှ စုစုပေါင်းလေယာဉ်ခုနစ်ခေါက်ဖြင့် ကူညီထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ကူညီထောက်ပံ့ရေးပစ္စည်းများထောက်ပံ့ရာတွင် အုပ်စုအဆင့်လိုက် သတ်မှတ်ခွဲဝေထောက်ပံ့ရန်ကိစ္စရပ်များ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်ပေးသည့် မော်တော်ယာဉ်၊ရေယာဉ်၊လေယာဉ်များကို စက်သုံးဆီများ ထောက်ပံ့ပေးရေးဆိုင်ရာများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်အသုံးစရိတ်များ သုံးစွဲရာတွင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့်အခြေအနေများ၊အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏စိစစ်ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပမှ လှူဒါန်းငွေများ၊ကူညီထောက်ပံ့ပစ္စည်းများ ရရှိသုံးစွဲပါက လှူဒါန်းငွေဖြင့် သုံးစွဲမှုနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ သုံးစွဲမှုတို့ကို စနစ်တကျစာရင်းပြုစုထားရန် လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ရန်စိတ်ဝင်စားမှုအခြေအနေများ၊ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ အာဆီယံ၊ ကြက်ခြေနီအဖွဲ့များနှင့် INGOတို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်ကမ်းလှမ်းဆောင်ရွက်နေမှု၊ လူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာလုပ်ငန်းများတွင် ခွဲခြားမှုမရှိဘဲ မျှတစွာဆောင်ရွက်ရန်နှင့် နိုင်ငံရေးအရောင်အသွေးကင်းရှင်းရန်လိုအပ်မှု၊Humanitarian Country Teamအဖွဲ့နှင့်ကူညီရေးလုပ်ငန်းများဆက်သွယ်ဆောင်ရွက်နေမှု၊ The Secretary General of ASEAN as the ASEAN Humanitarian Assistance Coordinator(SG-AHAC)လာရောက်၍ ပျက်စီးမှုအခြေအနေများကြည့်ရှုမည့်အပေါ် သဘောတူခွင့်ပြုခဲ့မှု၊နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍စနစ်တကျရှိစေရေး On-Side Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၂၀ သို့

# ဧပြီလ ၂၉ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်ဖူးမြော်ကြည်ညိုစဉ် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအား မေးမြန်းလျှောက်ထားစဉ် ဗန်းမော်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့်တရားတော်

## (ဤတရားတော်သည် ဗန်းမော်ဆရာတော်ဘုရားကြီး နောက်ဆုံးချီးမြှင့်ခဲ့သော တရားတော်ဖြစ်သည်)

အဆောင်ဘာလုပ်တုံးလို့ မေးတယ်၊ အဲဒီတော့ ဘုန်းဘုန်းက တရားဂုဏ်တော် ပုတီးစိပ်တဲ့အကြောင်း၊ ပြီးတော့ကျ ဂုဏ်တော်တွေပွားတဲ့အကြောင်း၊ တစ်သောင်း နှစ်ထောင်ကုန်သော ဘုရားရှင်တို့ကိုလည်းပဲ တပည့်တော် ရှိခိုးပါ၏။ ပဉ္စသတ သဟဿာနိ၊ ပဉ္စ က ငါး၊ သတ က တစ်ရာ၊ ငါး သတ။ သဟဿာ က တစ်ထောင်၊ ငါးရာနဲ့ တစ်ထောင်နဲ့မြှောက် ငါးသိန်း။ အဲဒီတော့ ပဉ္စသတ သဟဿာနိ ငါးသိန်းသော ဘုရားရှင်တို့ကိုလည်း တပည့်တော် ရှိခိုးပါ၏။ ပေါင်းလိုက်တော့ ငါးသိန်း တစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို တပည့်တော်ရှိခိုးပါ၏။ ဘုရား ငါးသိန်း တစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကို ရှိခိုးတဲ့ ဂါထာ၊ အဲဒါ ဆရာတော်ကြီးက ပြောတယ်။ သူက ငယ်ငယ်လေးကတည်းက၊ သူ ခုနစ်နှစ်သား အရွယ်ကတည်းက သမ္ဗုဒ္ဓေဂါထာ နေ့တိုင်းရှိခိုးတာ၊ ဘာအကျိုးရှိသလဲဆိုတော့ အန္တရာယ်ကင်းတယ်။ ဘေးရှင်းတယ်တဲ့။ ဆွမ်းခံသွားရင်လည်း ဘယ်တော့မှ မိုးမမိဘူးတဲ့။ မိုးရွာနေရင် သမ္ဗုဒ္ဓေဂါထာရွတ်လိုက်ရင် မိုးတိတ်သွားတယ်။ အဲဒီလို ကျေးဇူးရှိတဲ့အကြောင်း၊ အဲဒါဘယ်တုန်းက စခဲ့တာတုံးဆိုတော့.. လွန်ခဲ့တဲ့ သင်္ချိုနှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်းက ဘုရင်ကြီးတစ်ပါး အုပ်ချုပ်တယ်၊ သမီးတော်လေးက ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်၊ ခုနစ်ထပ်တိုက်ကြီးနဲ့ နေတယ်၊ ပြာသာဒ်ဘေးဘက်များဆီကို လှည့်ပတ်ကြည့်တော့ ညနေ ၄ နာရီလောက် ဦးဇင်းလေးတစ်ပါး ဆွမ်းခံနေတယ်။

ဟာ.. ဦးဇင်းလေးတစ်ပါး ညနေကြီး ဆွမ်းခံနေတယ်။ သွားကိုယ်တော်ကို ပင့်စမ်းဆိုတော့ ပင့်တယ်၊ ရောက်လာတယ်။

ရောက်လာတော့ ဦးဇင်းကလေး.. သူများတွေ မနက်ဆွမ်းခံတယ်။ ကိုယ်တော်ညနေကြီး ဆွမ်းခံတယ်၊ ည ထမင်းစားသလား။ ဆွမ်းစားသလား။

မစားပါဘူး သမီးတော်လေးရယ် ကြည့်ပါဆိုပြီး သပိတ်လှန်ပြတယ်။

ဘာတွေတုံးဆိုတော့ .. ဆီတွေ ဘာလုပ်ဖို့တုံး၊ ကိုယ်တော်တို့ သူများ ချက်ပြီးပြုတ်ပြီး စားနေတာ။

မဟုတ်ဘူး သမီးတော်လေးရဲ့၊ ည.. ည တရားပွဲတွေ ဘုရားဟော၊ ဘုရားဟောတဲ့အခါကျတော့ လူတွေက အမှောင်ကြီးထဲ တစ်ယောက်နဲ့ တစ်ယောက်တိုးတိုက်၊ အဲဒါတွေကြောင့် ဆီမီးပူဇော်မိတာပါ။

ရှေးတုန်းက လျှပ်စစ်မီးမရှိလို့ နေမှာပေါ့။

အဲဒါနဲ့ ဒီလိုဆို ပေး.. ပေး.. ပေး .. သပိတ်ပေးဆိုပြီး သပိတ်ထဲ နှမ်းဆီလေးတွေ အပြည့်လောင်းထည့်တယ်။ လောင်းထည့်ပြီး အဲဒါ ကပ်လိုက်တယ်။

ကဲ.. ကိုယ်တော် လျှောက်သွားမနေနဲ့တော့၊ ဒါနဲ့ဆိုရင် လောင်းလှူလောက်ပါတယ်ဆိုပြီး။

ကောင်းပါပြီ.. သမီးတော်လေး၊ သမီးတော်လေး ဘာဆုများပန်တုံးဆိုတော့၊ တပည့်တော်မ ဘုရားဆုပန်တာတဲ့။

ဩော်.. သာဓု သာဓု သာဓုဆိုပြီး ဦးဇင်းလေး သွားတယ်။

ညကျတော့ တစ်ကျောင်းလုံး လင်းထိန်လို့၊ ဆီမီးခွက်ကလေးတွေနဲ့ မီးထွန်းထားတာ။

ဟာ.. မီးပူဇော်တဲ့ ဦးဇင်းလေး ခေါ်လိုက်စမ်းဆိုပြီး ဘုရားက။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဗန်းမော်ဆရာတော်ဘုရားကြီးအား ဧပြီ ၂၉ ရက်က သွားရောက်ဖူးမြော်ကြည်ညိုစဉ်။

ရောက်လာတော့ .. ဦးဇင်းလေး မင်းဘယ်က ဆီတွေရတုံး။

သမီးတော်လေးက လှူလိုက်တာပါ ဘုရား။ အရှင်ဘုရားနှမတော်လေးပါ၊ အဲဒီသမီးတော်လေးနဲ့ ဘုရားနဲ့က မောင်နှမတော်သတဲ့၊ အဲဒါကြောင့် အရှင်ဘုရားနှမတော်လေးက လှူလိုက်တာပါ။ သမီးတော်လေးက ဘာဆုပန်သတဲ့တုံး၊ ပြောတယ်ဘုရား၊ တပည့်တော်မေးတော့ ဘုရားဆုပန်တယ်လို့ ပြောပါတယ်။

ဘုရားဆုပန်လို့ မပြည့်ဘူး။

နောက်ဘဝ ယောကျ်ားလေး ဖြစ်ပါရစေလို့ ဆုတောင်းလိုက်။

အဲဒီလိုဆိုရင် ယောကျ်ားလေးဖြစ်လိမ့်မယ်။ ယောကျ်ားလေးဖြစ်မှ ဆက်ပါရမီတွေ ဖြည့်၊ အဲဒါဆိုရင် ဘုရားဖြစ်မှာပေါ့။

တင်ပါ့ဘုရား။

တပည့်တော် မနက်ဖြန် ဆွမ်းခံကြွတော့ ပြောလိုက်ပါမယ်။

မနက်ဖြန် ဆွမ်းခံသွား၊ ညနေ ၄ နာရီလောက်ကျတော့ ကိုယ်တော်လည်း အဲဒီနေရာ အရောက်၊ သမီးတော်လေးကလည်း ဘုံခုနစ်ဆင့်ပြာသာဒ်အထက်က လှည့်ပတ်လျှောက်တော့၊ ဟာ... မနေ့က ကိုယ်တော်လေးနဲ့တူတယ်။ ဆွမ်းခံနေတယ် သွားသွားပင့်စမ်း။ ရောက်လာတယ်။

ဦးဇင်းလေး မနေ့ကလည်း ဆွမ်းခံ၊ ဒီနေ့လည်း ဆွမ်းခံ၊ ကိုယ်တော်နေ့တိုင်း ဆွမ်းခံသလား။

သမီးတော်လေးနဲ့ ... ကျုပ်က ဘုရားဆုပန်တာ ၊ ဘုရားဆုပန်တဲ့ သူက တစ်နေ့တည်း ကုသိုလ်လုပ်ပြီးတော့ ဘုရားဆုပန်လို့ ဘယ်ပြည့်မှာလဲ။ နေ့တိုင်းနေ့တိုင်း ဒါနပြုရတယ်၊ သီလဆောက်တည်ရတယ်၊ ဘာဝနာတွေ ပွားရတယ်၊ ပုတီးစိပ်ရတယ်။

ဩော်.. အဲလိုလား ဘုရား။

ဒါနဲ့ သမီးတော်လေးကို ဘုရားက မှာလိုက်သေးတယ်၊ သမီးတော်လေး ဘာဆုပန်တုံး၊ ဘုရားဆုပန်တယ်လို့ ကျုပ်က ပြောတယ်၊ ဘုရားဆုပန်တယ်ဆိုတာ မိန်းကလေးဘဝနဲ့ မပြည့်ဘူး။ နောက်ဘဝ ယောကျ်ားလေးဖြစ်ပါရစေလို့ ဆုပန်လိုက်၊ အဲတော့ ယောကျ်ားလေးဖြစ်ပြီဆိုမှ ပါရမီတွေ ဆက်ဖြည့်လို့ မှာလိုက်တယ်။

ကောင်းပါပြီ ဘုရား ဆိုပြီးတော့၊ သူကလည်း ဆီဆွမ်းတစ်သပိတ် အပြည့် ဆီဆွမ်းလောင်းပါ့မယ် ဘုရား၊ နေ့တိုင်း တပည့်တော် ပြာသာဒ် ကြွပါလို့၊ အဲဒီလို နေ့တိုင်း ဆွမ်းလောင်းတယ်၊ ဆီဆွမ်းလောင်းတဲ့အတွက် **ဆီဆွမ်းကို သိဒ္ဓတ္ထ နေလလို့ ပါဠိလို ခေါ်တယ်၊** သိဒ္ဓတ္ထ နေလ... သိဒ္ဓတ္ထ က နှမ်းပေါ့။ နေလက ဆီ၊ နှမ်းဆီ၊ နှမ်းဆီလေး လောင်းလို့၊ လူ့ခေတ်နောက်ဆုံးသင်္ချေ နှစ်ဆယ်နဲ့ ကမ္ဘာတစ်သိန်းလွန်တဲ့အခါ အဲဒီ နှမ်းဆီလောင်းတဲ့ ကုသိုလ်ဟာ အကျိုးပေးပြီးတော့ နာမည်ကို သိဒ္ဓတ္ထမင်းသား၊ အဲဒါ ဆီဆွမ်းလောင်းပြီးတော့ ဆုတောင်းခဲ့လို့နော်။ အေး.. အဲဒီလိုပဲ ကုသိုလ်ကောင်းမှုကို ဘုရားသာသနာတော်နဲ့ ကြုံတဲ့အခါ ကုသလ ပြုကြပေါ့။ ။

---

စာမျက်နှာ ၁၉ မှအဆက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသိတာဦးက ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာရာတွင် အချိန်ကာလနှင့်စပ်လျဉ်း၍ ပထမအကြိမ်ကြေညာသည့်အချိန်ကာလသည် နှစ်လထိတည်မြဲစေမှု ပထမအကြိမ်ကြေညာပြီးနောက် ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေဒေသမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ် ဆက်လက်၍ တည်ရှိနေသည့်အခါ နောက်ထပ်ကြေညာသည့် ကာလသည် တစ်ကြိမ်လျှင် နှစ်လစီအထိ တည်မြဲစေပြီး လိုအပ်သမျှထပ်မံ၍ သတ်တမ်းတိုးကြေညာနိုင်မှုအခြေအနေနှင့် နည်းဥပဒေခွဲ(က) သို့မဟုတ်(ခ)တို့အရ ကြေညာပြီးနောက် သဘာဝဘေးအန္တရာယ် ပေါ့လျော့သွားပြီး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာသဖြင့် ဆက်လက်၍ အရေးပေါ် အခြေအနေကြေညာရန်မလိုသည့်အခါ ကြေညာသည့်နေ့မှ အချိန်ကာလ နှစ်လကုန်ဆုံးသည်နှင့် အဆိုပါကြေညာချက်သည် ရုပ်စဲပြီးဖြစ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီ ၁၂ ခုမှ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ချင်းပြည်နယ်၊မကွေးတိုင်းဒေသကြီး၊ရခိုင်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ဝန်ကြီးဌာနများအလိုက် ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မုန်တိုင်းအလွန်ကာလ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်မည့် အစီအမံများ၊ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရေးနှင့်လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိအောင်ဆောင်ရွက်မှုများ၊ မုန်တိုင်းလွန်ကာလကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊စာရင်းဇယားများမှန်ကန်စွာရရှိရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေများထုတ်ယူသုံးစွဲနိုင်ရေး၊ ပြန်လည်ထူထောင်ရေးကာလသတ်မှတ်နိုင်ရန် ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်တပ်မတော်အရာရှိကြီးများက တပ်မတော်အနေဖြင့်လည်း မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့မှု၊ယာဉ်အုပ်စု တစ်စုတွင်တပ်မတော်မှအရာရှိကြီး တစ်ဦးလိုက်ပါ၍ ယာဉ်အုပ်စု ၁၀ စုကို မေ ၉ ရက်တွင် စတင်စုဖွဲ့ခဲ့ပြီး မေ ၁၂ ရက်တွင် မုန်တိုင်းဦးတည်ဝင်ရောက်နိုင်သော ဒေသများသို့ စေလွှတ်ခဲ့မှု၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်မှ ရေယာဉ်၊ လေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးနေမှု၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၆**

စစ်တွေမြို့၌ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့် အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေကမ်းခြေတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ကမ်းနားလမ်း ပြန်လည်ပြုပြင်နေမှု၊ သစ်စက်များတွင် သစ်ခွဲသားများခွဲစိတ်နေမှု၊ ဆိပ်ကမ်းများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေကမ်းနားလမ်းနှင့် ကမ်းခြေတစ်လျှောက်ရှိ အမှိုက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း အင်အား ၅၀၀ ကျော်ဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စစ်တွေမြို့ ကမ်းနားလမ်းရှိ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းနှင့် ကျောက်စီမြေထိန်းနံရံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန စစ်တွေခရိုင် လမ်းဦးစီးဌာနက လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ ပြည်သူများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် ကုလားတန်ဘက်စုံဆိပ်ကမ်းအနီး ယာယီသစ်ခွဲစက်များနေရာသို့ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများတွင် အသုံးပြုနိုင်ရန် သစ်စက်များဖြင့် သစ်များ ခွဲစိတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော MCL-3 သင်္ဘော၊ MCL-5 သင်္ဘောနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော CHARITES သင်္ဘောတို့ပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြု၍ ဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးမည့် ရေယာဉ်၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးသို့ရောက်ရှိပြီး AHA Center မှလှူဒါန်းသည့် ခြေနင်းနှင့် ဘက်ထရီဓာတ်အားသုံး ရေသန့်စက်များဖြင့် စမ်းသပ်ရေသန့်စင်နေမှုကို ကြည့်ရှု၍ အမြန်ဖြန့်ခွဲအသုံးပြုသွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် Ooredoo မြန်မာကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းက သွပ်ချပ် ၂၀၀၀၊ရွှေဒေါင်းပုံဆေးပေါ့လိပ်မိသားစုက ငွေကျပ် သိန်း ၁၅၀၊ Novel Hotel မိသားစုက ငွေကျပ် သိန်း ၅၀၊ ခိုင်ပြည့်ငြိမ်းထွန်း ကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၄၂၅ သိန်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၆**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။



ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ပညာရေးဝန်ကြီးဌာနမှပေးပို့သည့် ကျောင်းသုံးပစ္စည်းများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပေးပို့သည့် ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ၃ ဒသမ ၁၆ တန်ကို နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့်ပို့ဆောင်ပေးခဲ့သည်။

သဘာဝ ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၇၃ ဒသမ ၇တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၁၇၀ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရှဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရှဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရွှေခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရှဋ္ဌနန္ဒက"သည် ယခုအသက် ၁၀လခွဲသားအရွယ်တွင် အရပ်အမြင့် သုံးပေ ခုနစ်လက်မ ကိုယ်လုံးလုံးပတ် ခြောက်ပေ ငါးလက်မ ကိုယ်အလေးချိန် ပေါင် ၅၈၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရှဋ္ဌနန္ဒက" သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ၇-၆-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သမားများ၏ အကြောင်းမဲ့မီးရှို့ဖျက်ဆီးမှုကြောင့် ဖယ်ခုံမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တစ်ထပ်ကျောင်းဆောင် တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# စစ်တွေမြို့ ကြက်ကိုင်းတန်ကျေးရွာရှိ မိုးစပါးစံပြကွက် စိုက်ပျိုးပြသနိုင်ရေးဆောင်ရွက်မှုနှင့် စစ်တွေတပ်နယ်ရှိ မွေးမြူရေးလုပ်ငန်းများ၊ မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် မြဝတီရုပ်သံလွှင့်တာဝါတိုင် တည်ဆောက်မှု၊ လက်ဝဲသလုံးတော်ဓာတ်စေတီတော် သာသနိကအဆောက်အအုံများပျက်စီးမှုကို ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် မြဝတီရုပ်သံလွှင့်တာဝါတိုင် တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၆**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွဋ်တို့က တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကြက်ကိုင်းတန်ကျေးရွာ၌ တောင်သူပညာပေး မိုးစပါးစံပြကွက် စိုက်ပျိုးပြသနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များဖြင့် လယ်ယာများထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးအထွက်နှုန်းကောင်းမွန်စေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် တောင်သူပညာပေး စံပြစိုက်ကွက်များ စိုက်ပျိုးပြသရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်တွင် ဆောင်ရွက်ထားရှိသည့် DYL ဝက်မွေးမြူရေးခြံများနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် ကုန်ထုတ်လုပ်မှုများ ရာနှုန်းပြည့် ထုတ်လုပ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တာဝါတိုင်ကို ၆၅ မီတာ တာဝါတိုင်အသစ် ပြန်လည်တည်ဆောက်ရန်အတွက် ဆောင်ရွက်နေမှုနှင့် ထပ်ဆင့်လွှင့်ရုပ်သံအဆောက်အအုံအသစ်ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သတ်၍ ရှင်းလင်းပြသကြသည်။

ယင်းနောက် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့နှင့်တွေ့ဆုံကာ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ဇွန် ၅ ရက်တွင် ဟားခါးမြို့နယ်သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့ပြင် နယ်မြေခံဆေးတပ်ရင်း၌ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

ယနေ့တွင်လည်း ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှအေးသည် ကျောက်ဖြူမြို့ အစိုးရရပ်ကွက် ရမ္မာဝတီခန်းမ၌ မုန်တိုင်းသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုတို့မှ လူဦးရေ ၈၈၀၁ ဦးတို့အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် ဟားခါးမြို့ အခြေခံပညာ မူလတန်းလွန် ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့ စားသုံးသူရေးရာဦးစီးဌာန၏ ဂိုဒေါင်၌ အမိုးမိုးသွပ်ရောက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ပျက်စီးခဲ့သည့် စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြင်ဆင်နေမှုအား ကြည့်ရှုစစ်ဆေးခြင်းများနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားနေမှုများနှင့် စာသင်ဆောင်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို ပြန်လည်ပြုပြင်ရန်နှင့် ဆွမ်းကိစ္စများအဆင်ပြေစေရန် အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် နဝကမ္မအလှူငွေများကို ကျောင်းထိုင်ဆရာတော်များထံ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရခိုင်ပြည်နယ် မင်းပြားမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှပေးပို့သော ဆန်နှင့်ရိက္ခာများသည် မင်းဘာကြီးဆိပ်ခံတံတားသို့ရောက်ရှိလာသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပေးနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# ဇွန် ၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၇၀ တွေ့ရှိ

**နေပြည်တော် ဇွန် ၆**

ဇွန် ၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၁၇၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ဦးရေ ၇၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | | |
|---|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၃၀၉ | ဦး |
| သေဆုံးသူ | ၁၉၄၉၄ | ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၃၁၇ | ဦး |

# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်းသုံးကျမ်းအောင်(ကျမ်းပြီး) ၁၂၉၇ ပါးဦး၊ နှစ်ကျမ်းအောင် ၁၁၉၈ ပါးဦး၊ တစ်ကျမ်းအောင် ၁၄၅၄ ပါးဦး၊ ပါဠိဂုဏ်ထူးအောင် သုံးပါး၊ မြန်မာဂုဏ်ထူးအောင် ၁၂ ပါး စုစုပေါင်း ၃၉၆၄ ပါးဦး အောင်မြင်ကြပါသည်။

စုစုပေါင်း ဖြေဆိုသူ ၁၉၇၂၆ ပါးဦးအနက် အောင်မြင်သူ ၃၉၆၄ ပါးဦးဖြစ်၍ ၂၀ ဒသမ ၀၉ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

၁၃၈၄ ခုနှစ် (၂၀၂၃ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ဆ/၂၉၉ | အရှင်ဝိမလာလင်္ကာရ | ချမ်းမြေ့ဇေယျာသာမဏေကျော် ပဲခူးမြို့ |
| ၂။ | ဒုတိယ | ကမ/၄၂၂ | အရှင်ဓမ္မာနန္ဒာလင်္ကာရ | တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် |
| ၃။ | တတိယ | ပခ/၂၉၃ | အရှင်ပဝရ | ဓမ္မဂါရဝကျောင်း၊ မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် |
| ၄။ | သီလရှင် ပထမ | ကရ/၆၆၇ | ဒေါ်အမရာ | ဝဏ္ဏိတာရာမသီလရှင်စာသင်တိုက် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် |

၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ **ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

၂။ **ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

၃။ **ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပုသိမ်ကြီးမြို့နယ် ဇီးချိုကန်ကျေးရွာနေ နွေနှင်းထက်(ခ)မထက်သည် ၎င်းအသုံးပြုသည့် "Nway Hnin Htet" Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မုပွန်ရပ်ကွက်နေ ချစ်ကိုထွေးသည် ၎င်းအသုံးပြုသည့် "Chit Ko Htwe" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ မြတ်စုမွန်သည် ၎င်းအသုံးပြုသည့် "Myat Su Mon" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မုန်တိုင်းဒဏ်သင့်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

ထိုသို့ ရောင်းချပေးနေမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က သွားရောက်ကြည့်ရှုအားပေးကြသည်။

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ် BNS SOMUDRA JOY (F-28) ပေါ်မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၆**

ရခိုင်ကမ်းရိုးတန်းဒေသသို့ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိနေသော စစ်ရေယာဉ် BNS SOMUDRA JOY (F-28) ပေါ်မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံး ယာယီတာဝန်ခံ Mr. ASM Sayem က ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူးအပါအဝင် သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံး ယာယီတာဝန်ခံက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် ဆန်၊ ဆီ၊ ပဲ၊ သကြား၊ ဆား၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ ဟင်းခတ်အမွှေးအကြိုင်မှုန့်၊ ရွက်ဖျင်တဲ၊ ဆေးဝါးပစ္စည်းများနှင့် ရေသန့်ဆေးပြား စသည်တို့ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၁၂၀ ခန့်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့်တင်ဆောင်၍ စစ်တွေမြို့ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိစေရေးအတွက် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်းနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက် သွားမည်ဖြစ်သည်။

ထို့နောက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ် BNS SOMUDRA JOY (F-28) သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။



ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ် BNS SOMUDRA JOY (F-28) ပေါ်မှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး ပြန်လည်ထွက်ခွာစဉ်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၆**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ စစ်တွေမြို့ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများနှင့် လိုအပ်သော ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကံဒိုင်းအောင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ မောင်တောမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ ရသေ့တောင်မြို့ရှိ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ငကျင်တောက်ကျေးရွာရှိ လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်းခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နန်တော်ကုန်း လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ပေါင်းထုပ်ကျေးရွာရှိ ဒေသခံပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံ ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ အမြင့်ကျွန်းကျေးရွာမှ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် Special Task Force –STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊အဆိုတော် ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကောင်းစာနည်ဟိန်း(ခ)လပြည့် ၂၃ နှစ်၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ သရုပ်ဆောင်၊အဆိုတော် ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျော်သူရ(ခ)အီးတီ ၃၀ နှစ်၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၆**

၂၀၂၃ ခုနှစ် မေ ၃၀ ရက် ညနေပိုင်းတွင် သရုပ်ဆောင်၊ အဆိုတော် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်သည် ၎င်းနေထိုင်သည့် ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရန်အောင်လမ်း တိုက်အမှတ်(က/၂၆၅) တိုက်ခန်းအမှတ် (၇)ရှေ့၌ (စိစစ်ဆဲ) အကြမ်းဖက်သမား တစ်ဦးက ပစ္စတိုဖြင့် ရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော် ကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံကိုဖမ်းဆီးရမိရေးအတွက် ဖြစ်စဉ်ဖြစ်ပွားရာနေရာဝန်းကျင်တွင် စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်၍ အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၄ ရက် နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ်အတွင်းရှိ အမျိုးသားအဆောင် တစ်ခု၌ ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ **ကောင်းစာနည်ဟိန်း (ခ)လပြည့်** နှင့် **ကျော်သူရ(ခ)အီးတီ**တို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ **ကောင်းစာနည်ဟိန်း (ခ)လပြည့်**နှင့် **ကျော်သူရ (ခ)အီးတီ**တို့နှစ်ဦးသည် ၂၀၂၁ ခုနှစ် ဇွန်လတွင် KNLA တပ်မဟာ(၁) လှုပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လတွင် Special Test Force -STF အမည်ခံအကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ကာ ကော့ကရိတ်မြို့နယ် ဘော်ဒိုင်းကျေးရွာအနီး၌ STF အမည်ခံအကြမ်းဖက်အဖွဲ့က ဖွင့်လှစ်သည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လကို ထပ်မံတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ STF အမည်ခံအကြမ်းဖက်အဖွဲ့ကို ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ရန်အတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တရားခံပြေး **ဒီငြိမ်းလင်း** နှင့် **ဟောဇယ်**တို့ကခေါင်းဆောင်၍ KNLA တပ်မဟာ(၆)လှုပ်ရှားနယ်မြေ ကော့ကရိတ်မြို့နယ် ဘော်ဒိုင်းကျေးရွာအနီးရှိ STF စခန်းတွင် စတင်ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ခိုအောင်းနေထိုင်လျက်ရှိသည့် ဘော်ဒိုင်းကျေးရွာအနီးရှိ စခန်းကို တပ်မတော်စစ်ကြောင်းများက ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်မှုကြောင့် ကော့ကရိတ်မြို့နယ်အတွင်း ထွက်ပြေးတိမ်းရှောင်နေခဲ့ရကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် တရားခံပြေး **ဒီငြိမ်းလင်း**က STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၂၆ ဦးကို အဖွဲ့များခွဲကာ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့စေလွှတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



တရားခံပြေး ဒီငြိမ်းလင်း၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံ **ကောင်းစာနည်ဟိန်း (ခ)လပြည့်**နှင့် **ကျော်သူရ(ခ)အီးတီ**တို့နှစ်ဦးသည် ကော့ကရိတ်မြို့နယ်အတွင်းမှ ရန်ကုန်မြို့သို့ပြန်လာခဲ့ပြီး ကမာရွတ်မြို့နယ်အတွင်းရှိ အမျိုးသားအဆောင်တစ်ခုတွင် တစ်လလျှင် ငွေကျပ် တစ်သိန်းဖြင့် အခန်းငှားနေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် တရားခံ **ကောင်းစာနည်ဟိန်း (ခ)လပြည့်**သည် ဘုရင့်နောင်ကုန်စည်ပွဲရုံဝင်းအတွင်းရှိ ကားဝပ်ရှော့တစ်ခု၌လည်းကောင်း၊ **ကျော်သူရ (ခ)အီးတီ**သည် မင်္ဂလာဒုံမြို့နယ် သက်နှင်းကျွန်းကြီးရပ်ကွက်ရှိ လေထိုးကျွတ်ဖာဆိုင်တစ်ခု၌လည်းကောင်း ကြုံရာကျပန်းဝင်ရောက်လုပ်ကိုင်၍ တရားခံပြေး **ဒီငြိမ်းလင်း**က ခိုင်းစေမည့်အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်စောင့်ဆိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ နေထိုင်စဉ်ကာလအတွင်း STF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံပြေး **ဒီငြိမ်းလင်း**၊ **ဟောဇယ်**၊ **ယသော်**နှင့် **နွေနွေ** တို့ လေးဦးသည် ရန်ကုန်မြို့အတွင်းရောက်ရှိနေသော STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို Telegram မှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်ခိုင်းစေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ကောင်းစာနည်ဟိန်း(ခ)လပြည့်**၏ထွက်ဆိုချက်အရ တရားခံပြေး**ဒီငြိမ်းလင်း** နှင့် **ဟောဇယ်**က ၂၀၂၃ ခုနှစ် မေ ၂၅ ရက်တွင် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်၏ ဓာတ်ပုံနှင့်အချက်အလက်များကို Telegram မှတစ်ဆင့်ပေးပို့၍ လုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေခဲ့ပြီး မေ ၂၈ ရက်တွင် Sig Sauer ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည်အတောင့် ၂၀ တို့ကို တရားခံပြေး **ဟောဇယ်**က ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ **ကောင်းစာနည်ဟိန်း (ခ)လပြည့်**နှင့် **ကျော်သူရ(ခ)အီးတီ**တို့သည် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်ရန်အတွက် ၎င်းနေထိုင်သည့်တိုက်ခန်းအနီးသို့ နေ့စဉ်သွားရောက်၍ အခြေအနေစောင့်ကြည့်ခဲ့ပြီး မေ ၃၀ ရက် ညနေပိုင်းတွင် **ကောင်းစာနည်ဟိန်း (ခ)လပြည့်**သည် ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို ၎င်း၏နေအိမ်ရှေ့၌ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



CCTV မှတ်တမ်းတွင် တွေ့ရှိသည့် တရားခံ ကောင်းစာနည်ဟိန်း(ခ)လပြည့်၏ မှတ်တမ်းဓာတ်ပုံ။



ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်စဉ် တရားခံ ကောင်းစာနည်ဟိန်း (ခ)လပြည့် ဝတ်ဆင်ခဲ့သည့် အကျီနှင့် ခါးပတ်အိတ်၏မှတ်တမ်းဓာတ်ပုံ။

လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် လက်နက်၊ ခဲယမ်းများကို မေ ၃၁ ရက်တွင် တရားခံပြေး **ယသော်**၏စီစဉ်ပေးမှုဖြင့် STF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် တစ်ဦးထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ဒေါ်လီလီနိုင်စိုး (ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်ရန်အတွက် တရားခံပြေး **ဒီငြိမ်းလင်း**နှင့်**ဟောဇယ်**တို့က ငွေကျပ်သုံးသိန်းကို Wave Pay မှတစ်ဆင့် ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါဖမ်းဆီးရမိတရားခံကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကိုအမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



ရွှေပေါက်ကံ (၁၅)ရပ်ကွက် သံလွင်လမ်းနှင့် ရွှေစလွယ်လမ်းထောင့်အမှိုက်ပုံတွင် တရားခံ ကောင်းစာနည်ဟိန်း(ခ)လပြည့်က ဒေါ်လီလီနိုင်စိုး(ခ)လီလီနိုင်ကျော်ကို လုပ်ကြံသတ်ဖြတ်စဉ်ဝတ်ဆင်ခဲ့သည့် အကျီ၊ ဘောင်းဘီနှင့် ဦးထုပ်တို့ကို သိမ်းဆည်းရမိခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

# ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## ဝန်ကြီးရုံး

ဆက်ကပ်ပါသည်ဘုရား

ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်။ အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲ ကျင်းပရေးကော်မတီ ဩဝါဒါစရိယဆရာတော်အရှင်သူမြတ်တို့ဘုရား-

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (၉၄ နှစ်၊ ၇၄ ဝါ) မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၅-၅-၂၀၂၃ ရက် (ကြာသပတေးနေ့)၊ ၂၃း ၁၁ အချိန်တွင် သီတင်းသုံးရာကျောင်းတိုက်၌ ၉၆ ပါးသော ရောဂါဖြင့် (လူတကာတို့ ရှောင်ကြဉ်သွေဖည်၍မရသော အနိစ္စသဘောသို့ လိုက်ပါတော်မူရ၍) ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သိရှိရသည့်အတွက် ဆရာတော်ကြီး၏ တပည့်သာဝက ရဟန်းသံဃာတော်များ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ ဒါယိကာမများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

၂။ ဆရာတော်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဗန်းမော်ကျောင်းတိုက်ကြီးနှင့် စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ တိပိဋက ကျောင်းတော်ကြီးတို့၌ နယ်ပယ်အသီးသီးတို့မှ ပညာရည်နို့သောက်စို့ရန် လာရောက်ကြကုန်သော တပည့်သံဃာအများတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူကြမည့် တိပိဋကဓရ သာသနာ့အာဇာနည်လောင်းလျာ အရှင်မြတ်တို့အား စာမေးပွဲဆိုင်ရာ ကျမ်းစာအသီးသီးတို့ကို ပို့ချပေးတော်မူခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်တာဝန်ဖြင့် စာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ထို့အပြင် သီတင်းသုံးရာ ဗန်းမော်ကျောင်းတိုက်ကြီး၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဖွင့်လှစ်၍ ပညာသင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကို အခမဲ့ပညာသင်ကြားပေးတော်မူခဲ့ခြင်းတို့ကြောင့် ပညာပါရမီအရာ၌ သူမတူအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်ကို အားကျကြည်ညိုမိပါသည်ဘုရား။

၃။ ဆရာတော်ကြီးသည် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကို ရေးသားပြုစုရာ၌ (မန္တလေးမြို့၊ ဘုရားကြီးတိုက်ရှိ သံဃာတော်များ တာဝန်ယူဆောင်ရွက်ရမည့်အပိုင်းကဏ္ဍတွင်) အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပေးတော်မူခဲ့ပြီး သိမ်တောင်သာသနာဝင်ကျမ်းကို မြန်မာဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ မောဂ္ဂလာန်သဒ္ဒါကျမ်းကြီးကို အဖွင့်ပယောဂ သိဒ္ဓိနိဿယအဖြစ် ပထမတွဲ၊ ဒုတိယတွဲ ခွဲခြား၍ ပြုစုတော်မူခဲ့ခြင်း၊ မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်း ပထမတွဲနှင့် ဒုတိယတွဲတို့ကို ပါဠိဘာသာပြန်ဆိုတော်မူခဲ့ခြင်း၊ ထေရီအပဒါနဒီပနီကျမ်းကို ပါဠိဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ ယမိုက်ပါဠိတော် ဒုတိယတွဲနှင့် တတိယတွဲတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုတော်မူခဲ့ခြင်း စသည့်ကျမ်းဂန်များစွာတို့ကို သာသနာတော်အတွက် မြန်မာဘာသာ၊ ပါဠိဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ရေးသားပြုစုတော်မူခဲ့သည့်အတွက် ဆရာတော်ကြီး၏ စာပေစွမ်းရည်ကို ကြည်ညိုမိပါသည်ဘုရား။

၄။ ဆရာတော်ကြီးသည် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ မရှိမဖြစ်လိုအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းနိုင်ရန်အတွက် မူလသံဃာ့ဝန်ဆောင်ဆရာတော်(၆၆)ပါး အဖွဲ့တွင် ပါဝင်ထမ်းဆောင်တော်မူခဲ့ပြီး ပထမအကြိမ် ၁၉၈၀ ပြည့်နှစ်မှ ဆဋ္ဌအကြိမ် ၂၀၁၀ ပြည့်နှစ်၊ မတ်လအထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ မတ်လမှ ဇူလိုင်လအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လမှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များကို ဦးဆောင်ဦးရွက်ပြု၍ ထမ်းဆောင်တော်မူခဲ့သည့်အပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်အဖြစ်လည်း ထမ်းဆောင်တော်မူခဲ့ရာ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ကြီး၏ သာသနာပြုစွမ်းဆောင်ချက်တို့ကို အမှတ်ရကာ ကြည်ညိုသဒ္ဓါပွားများရပါသည် ဘုရား။

၅။ ဆရာတော်ကြီးသည် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောလုံ့လဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ဂုဏ်အဖြာဖြာတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၉ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၁ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပုံ အဖုံဖုံတို့ကို အာရုံပြုကာ ကြည်ညိုမိ၍ နှမြောတသဖြစ်ရပါသည်ဘုရား။

၆။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းတော်မူခဲ့သည့် သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်တို့သည် ဗုဒ္ဓဘာသာသမိုင်းတွင် ထူးခြားထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေမည်ကို အခိုင်အမာယုံကြည်ပါသည်ဘုရား။

၇။ သို့ဖြစ်ပါ၍ သံဃာ့ဦးသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး ယခုကဲ့သို့ ဘဝနတ်ထံ ပျံလွန်တော်မူခြင်းသည် ဘုရားတပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့၏ ကိုယ်စား အထူးပင်ဝမ်းနည်းရပါကြောင်း လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ ဘုရား။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး

---

## The Buddhist Association of China

ရက်စွဲ၊ ၂၆-၅-၂၀၂၃

# ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (သက်တော် ၉၄ နှစ်၊ ဝါတော် ၇၄) သည် ၂၅-၅-၂၀၂၃ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရသည့်အတွက် များစွာဝမ်းနည်းပူဆွေးရပါသဖြင့် မိမိတို့အသင်း၏ အဖွဲ့ဝင်များမှ ဤဝမ်းနည်းကြောင်းသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် မြန်မာနိုင်ငံ၏ သံဃာတော်အသိုက်အဝန်းတစ်ခုလုံးအတွက် ကောင်းရာညွှန်ပြသော ဘာသာရေးခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ၎င်း၏ဘဝတစ်လျှောက်လုံးတွင် ဗုဒ္ဓဘာသာဆိုင်ရာအဆုံးအမများကို လက်တွေ့သင်ကြားပြသခဲ့ပါသည်။ သတ္တဝါအားလုံး၊ ပညာတတ်ရဟန်းတော်များနှင့် စာဝါလိုက်ကြသည့်သံဃာတော်များအား ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ဓမ္မကို ဟောကြားခဲ့သည်။ ဗုဒ္ဓဘာသာတော် ထွန်းကားရန်နှင့် အမွေဆက်ခံရန်တို့အတွက် တက်ကြွစွာဆောင်ရွက်ပေးခဲ့သည်။ လူသားများ၏ကောင်းကျိုးအတွက် အခိုင်အမာ ဆောင်ရွက်ခဲ့သည်။ ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာဝင်များ၏နှလုံးသားထဲတွင် စံနမူနာပြပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအတွက် ဆုံးရှုံးမှုသာမက ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွက် ဆုံးရှုံးခြင်းလည်းဖြစ်ပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် တရုတ်နိုင်ငံ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအတွက်လည်း စစ်မှန်သောမိတ်ဆွေရင်းတစ်ဦး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များက ကျင်းပပြုလုပ်သော အမျိုးမျိုးသောလှုပ်ရှားမှုများကို စိတ်အားထက်သန်စွာ အထောက်အပံ့ပေးခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၏ချစ်ကြည်ရင်းနှီးမှုကို များစွာမြှင့်တင်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ဖြစ်လာစေရန် အရေးကြီးသော ကူးလူးဆက်ဆံရေးများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် တရုတ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် မြန်မာနိုင်ငံမှ သံဃာတော်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သည်။ အဆိုပါကာလအတွင်း ဆရာတော်ကြီးသည် The Buddhist Association of China သို့ လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန်ဖလှယ်ခြင်းတို့ကို ပိုမိုအားကောင်းလာစေရန်၊ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးကို မြှင့်တင်ရန် ၎င်း၏ရည်ရွယ်ချက်ကို အတိအလင်း မြွက်ကြားခဲ့သည်။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းအတွက် ကြီးမားသောဆုံးရှုံးမှုလည်းဖြစ်ပါသည်။ တရုတ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းအတွက်လည်း ကြင်နာမှုနှင့် ကြီးမားသောဂုဏ်သတင်းတို့ဖြင့် ပြည့်စုံသော စစ်မှန်သည့် မိတ်ဆွေရင်းတစ်ဦး ဆုံးရှုံးခြင်းလည်းဖြစ်ပါသည်။ ယခုကဲ့သို့ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခြင်းအတွက် မိမိတို့အနေဖြင့် များစွာကြေကွဲဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါး၏ ကောင်းကျိုးကြောင့် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ဘုရားကြီးအနေဖြင့် နိဗ္ဗာန်သို့ ရရှိ၊ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဥက္ကဋ္ဌ
The Buddhist Association of China

---

# ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

ဗာတီကန် ၂ ဇွန်လ ၂၀၂၃

**ရဟန်းအမတ်ကာဒီနယ်ချားလ်စ်ဘို**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်**

အရှင်သူမြတ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဘဝနတ်ထံပျံလွန်တော်မူကြောင်းကို ဝမ်းနည်းစွာကြားသိရသော ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံပြီး သစ္စာသမာဓိတည်ကြည်သော နောက်လိုက်တပည့်တော်အား ထာဝရသုခချမ်းသာရပါစေကြောင်း ဆုတောင်းမေတ္တာပို့သအမျှပေးဝေကာ မြန်မာနိုင်ငံနှင့် နိုင်ငံအရပ်ရပ်ရှိ ကျွန်ုပ်တို့၏ဗုဒ္ဓဘာသာဝင် ညီအစ်ကိုမောင်နှမများအားလုံးထံသို့ အထူးဝမ်းနည်းကြောင်း သဝဏ်လွှာပါးလိုက်ပါသည်။

၂၀၁၇ ခုနှစ်တွင် သူ၏မြန်မာနိုင်ငံတမန်တော်ခရီးစဉ်အတွင်း ကြည်ညိုဖွယ်ထိုက်လှသော အရှင်သူမြတ်ထံတော်မှ ရရှိခံစားခဲ့ရသောနွေးထွေးပျူငှာသောကြိုဆိုမှုကို နှစ်သက်စွာ ပြန်လည်သတိရလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအနေဖြင့် အရှင်မြတ်ပေးတော်မူခဲ့သော ရက်ရောသောဝန်ဆောင်မှု၊ အရှင်မြတ်လုပ်ဆောင်တော်မူခဲ့သော ငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးရေးကဏ္ဍမြှင့်တင်ရေး၊ ဒေသဆိုင်ရာ ကက်သလစ်သာသနာတော်နှင့် ရင်းနှီးသောဆက်ဆံရေးကိုမြှင့်တင်ခြင်း စသည်တို့အတွက်လည်း အသစ်တစ်ဖန်ကျေးဇူးဥပကာရတင်ရှိရပါကြောင်း အသိပေးအပ်ပါသည်။

အရှင်သူမြတ်၏အောက်မေ့ဖွယ်ရာများနှင့် ဝိညာဏအမွေတော်တို့သည် နေရာအရပ်ရပ်တိုင်းရှိ စိတ်ကောင်းစေတနာရှိကြသော လူပုဂ္ဂိုလ်အပေါင်းတို့အတွက် ခွန်အားရင်းမြစ်တစ်ခုဖြစ်သည်ကို ယုံကြည်လျက် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည် ဆရာတော်ဘုရားကြီး၏ ဘဝနတ်ထံပျံလွန်တော်မူခြင်းကြောင့် ဝမ်းနည်းပူဆွေးနေကြသောသူအပေါင်းတို့အပေါ်သို့ ဘုရားရှင်၏ကောင်းချီးမင်္ဂလာအပေါင်းသက်ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

ရဟန်းအမတ်ကာဒီနယ်ပီတာပါရော့လင်း
ဗာတီကန်နိုင်ငံဆိုင်ရာအတွင်းရေးမှူးချုပ်

---

# မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
# ဝမ်းနည်းခြင်းသဝဏ်လွှာ

၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်ကြီး)သည် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက် ကြာသပတေးနေ့ ည ၁၁ နာရီ ၁၁ မိနစ်အချိန်တွင် ပျံလွန်တော်မူကြောင်းသိရှိရပါသဖြင့် ဗုဒ္ဓဘာသာဝင်ပြည်သူများနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

ဆရာတော်ကြီး၏ ဗုဒ္ဓဘာသာအကျိုး ဆောင်ရွက်ချက်များနှင့်အတူ နိုင်ငံတွင်းရှိပြည်သူများအကြား စည်းလုံးညီညွတ်ရေးနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေး ဆောင်ရွက်ချက်များသည်လည်း ဂုဏ်ပြုလေးစားဖွယ်ရာ စံနမူနာကောင်းအဖြစ် သမိုင်းဝင်လျက်ရှိနေမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

ဝန်ကြီးချုပ်

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ရက်စွဲ၊ ၂၇-၅-၂၀၂၃

## ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွက် ကြီးစွာသော ဆုံးရှုံးမှုကြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့နေစဉ်တွင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်ဤကဲ့သို့ ကြေကွဲဖွယ်အခိုက်အတန့်၌ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဆက်ဆံရေးများကို ပြန်လည်အမှတ်ရမိပါသည်။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် နိုင်ငံတော်၏အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်တစ်ပါးအဖြစ် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူခဲ့ပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမများကို ဘဝတစ်လျှောက်လုံး တပည့်သာဝကများအား သင်ကြားပြသပေးခဲ့သော မြတ်ဗုဒ္ဓ၏အထိမ်းအမှတ်ဟု ဆိုရလောက်သော ပုဂ္ဂိုလ်ထူးတစ်ပါးလည်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် သူ၏ဘဝတစ်လျှောက်လုံး ကရုဏာတရားဖြင့် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။ ပြည်သူများအား တရားဓမ္မများဖြင့် နိုးကြားသိမြင်လာအောင် စေ့ဆော်ပေးခဲ့ရုံသာမက ပရဟိတလုပ်ငန်းများတွင်လည်း စွမ်းစွမ်းတမံ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည်။

ပြည်တွင်း/ပြည်ပ၌ ဘာသာ သာသနာကို ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ကမ္ဘာတစ်ဝန်း အထူးကြည်ညိုလေးစားခံရသော မဟာထေရ်တစ်ပါးဖြစ်ခြင်းတို့ကြောင့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်တို့ကို ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ဆက်ကပ်ချီးမြှင့်ခဲ့သည်။ ဗုဒ္ဓဘာသာတွင် အထူးတလည် ညွှန်းဆိုပြသော မေတ္တာတရားဟူသည့် ဂုဏ်ပုဒ်ကို ထာဝရစွဲကိုင်ထားသော ဆရာတော်ဘုရားကြီးသည် သာမန်ရိုးရှင်းသောဘဝဖြင့် ရှင်သန်နေထိုင်သော်လည်း ဖော်ပြပါသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ သာသနာတော်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏မူဝါဒများကို အောင်မြင်စွာပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ရာတွင် ဗုဒ္ဓဘာသာအသိုက်အဝန်းအတွက် ပေးအပ်သောအကြံဉာဏ်၊ ကြီးစွာသောတန်ဖိုးနှင့် ကျေးဇူးတရားတို့ကို ပြန်ပြောင်းအောက်မေ့သတိရမိပါသဖြင့် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအတွက် ဆရာတော်ဘုရားကြီးထမ်းဆောင်ခဲ့သော သာသနာ့ဝန်သည် ဘာသာ သာသနာနှင့် နိုင်ငံတော်အတွက် တုနှိုင်းစရာမရှိအောင် ကြီးမားများပြားလှပါသည်။

သို့ဖြစ်ပါ၍ ဘဝနတ်ထံပျံလွန်တော်မူသွားသော ဆရာတော်ဘုရားကြီးအား နိဗ္ဗာန်လမ်း စံမြန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

---

သီရိလင်္ကာနိုင်ငံ၊ အမရပူရသံဃာ့ကောင်စီ၊ ဥက္ကဋ္ဌဆရာတော်မှပေးပို့သော

## ဝမ်းနည်းကြောင်း သဝဏ်လွှာ

ရက်စွဲ၊ ၂၇-၅-၂၀၂၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသသည် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ကြားသိရသည့်အတွက် များစွာဝမ်းနည်း ကြေကွဲရပါသည်။ မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာအသိုက်အဝန်းအတွက်သာမက ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစားကြသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီအတွက် ကြီးစွာသော ဆုံးရှုံးမှုလည်း ဖြစ်ပါသည်။ ဘာသာ သာသနာတော်ဆိုင်ရာ မြတ်ဗုဒ္ဓ၏ဆိုရိုးစကားများနှင့် ဆရာတော်၏ ကရုဏာတရားတို့အတွက် များစွာလေးစားဂုဏ်ယူမိပါသည်။

တပည့်သာဝကများအတွက် ကောင်းရာကောင်းကျိုးနှင့် အသိဉာဏ်ပွင့်လင်းအောင် ဘဝတစ်လျှောက်လုံး ကြိုးစားဆောင်ရွက်တော်မူခဲ့ပါသည်။ မိမိတို့၏ သန္တာန်တွင် ငြိမ်းအေးစေရန် ရည်ရွယ်၍ စိတ်ခွန်အားနှင့် ငြိမ်းချမ်းမှုများကို ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် ဉာဏ်ပညာ၊ ကရုဏာနှင့် သဟဇာတဖြစ်မှု စသည့်အချက်များတွင် ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများကို နည်းမှန်လမ်းမှန်ညွှန်ပြနိုင်သော ပုဂ္ဂိုလ်ထူးတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာ၏အနှစ်သာရကို သိမြင်အောင် ကမ္ဘာတစ်ဝန်းလုံးရှိ ကမ္ဘာသူ ကမ္ဘာသားများအား ဆုံးမတော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးတော်မူခဲ့ခြင်းသည် ဘာသာ သာသနာသမိုင်းတွင် မှတ်တိုင်အဖြစ် ထင်ကျန်နေမည်ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဘာသာ သာသနာနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးလည်း ရှိပါသည်။ အကောင်းဆုံးသောဥပမာသည် သီရိလင်္ကာနိုင်ငံ၏ အမရပူရနိကာယသံဃာ့ကောင်စီဖြစ်ပါသည်။ မြန်မာလူမျိုးများနှင့် မြန်မာနိုင်ငံမှ ရဟန်းသံဃာများသည် အမရပူရနိကာယကို တည်ထောင်ထိန်းသိမ်းပျိုးထောင်ရာတွင် များစွာအထောက်အပံ့ပြုခဲ့ပါသည်။ နောက်ပိုင်းတွင် ဦးဆောင်ဆရာတော်က အဆိုပါဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ထို့ကြောင့် ဆရာတော်ဘုရားဘဝနတ်ထံပျံလွန်တော်မူခြင်းသည် သီရိလင်္ကာဗုဒ္ဓဘာသာဝင်များနှင့် ရဟန်းတော်များအတွက် အလွန်စိတ်မကောင်းဖြစ်ရပါသည်။

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၁၉၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၀၀၀ | ၂၀၁၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၈၀ | ၂၇၀၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၆၀ | ၁၉၃၀ | ၂၀၅၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၁၀ | ၂၈၀၀ |
| HSD (50 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၁၃၀ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၂၈၆၀ |
| HSD (10 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၁၃၀ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၉ | ၁၉၃၀ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၁၇၉၇ | ၁၈၆၃ |
| HSD (50 ppm) | ၁၈၇၁ | ၁၉၃၈ |
| HSD (10 ppm) | ၁၈၇၁ | ၁၉၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အာရှနှင့်ကမ္ဘာ

ဒေါက်တာမိုးဆွေ

အာရှတိုက်နှင့်ပြင်ပကမ္ဘာကြီး၏ ပတ်သက်ဆက်နွှယ်မှုသည် အနည်းဆုံးနှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပြီ။ သည်နေရာတွင် ခရစ်နှစ် ၁၅၀၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်ထိကာလအပိုင်းအခြားကို လေ့လာကြည့်ကြမည်။ သည်ကာလအပိုင်းအခြားကိုလည်း ကိုလိုနီခေတ်မတိုင်မီကာလ (၁၅၀၀ ပြည့်နှစ်- ၁၈၅၀ ပြည့်နှစ်)နှင့် ကိုလိုနီခေတ်ကာလ (၁၈၅၀ ပြည့်နှစ်- ၁၉၅၀ ပြည့်နှစ်)ဟူ၍ နှစ်ပိုင်းထပ်ခွဲကြည့်ကြမည်။

ကိုလိုနီခေတ်မတိုင်မီကာလကိုပင်လျှင် အပိုင်းနှစ်ပိုင်းထပ်မံခွဲခြားနိုင်သေးသည်။ ပထမပိုင်းက ၁၈၅၀ ပြည့်နှစ်မှ ၁၆၅၀ ပြည့်နှစ်ထိကာလဖြစ်သည်။ ထိုကာလအတွင်း ပေါ်တူဂီ၊ နယ်သာလန်၊ အင်္ဂလန်နှင့် ပြင်သစ်စသည့် ဥရောပနိုင်ငံများက အာရှကို ကျူးကျော်ခဲ့သည်။ ၁၄၉၂ ခုနှစ် အမေရိကန်ကို ခရစ်စတိုဖာကိုလံဘတ် ရှာဖွေတွေ့ရှိခဲ့ခြင်းနှင့် ၁၄၉၈ ခုနှစ် အိန္ဒိယကို ဗတ်စ်ကိုဒဂါးမား ရှာဖွေတွေ့ရှိခဲ့ခြင်းတို့က ဥရောပသားတို့အတွက် ကြီးမားသောပြောင်းလဲခြင်းများ ဖြစ်ပေါ်စေခဲ့သည်။

အမေရိကတိုက်ကို ကိုလိုနီပြုခဲ့ပြီးနောက်ပိုင်း ဥရောပနိုင်ငံများသည် ကုန်သွယ်ရေးကိုတိုးချဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပြိုင်အဆိုင်လှုံ့လစိုက်ခဲ့ကြသည်။ ဥရောပနိုင်ငံများအတွက် အာရှမှတင်သွင်းလာသည့် အထည်အလိပ်၊ ဟင်းခတ်အမွှေးအကြိုင်၊ ပိုးထည်နှင့်ကြွေထည်များကို အမေရိကတိုက်မှရလာသည့်ငွေထည်နှင့် ပေးချေခဲ့ကြသည်။ နောက်ပိုင်းတွင် ပေါ်တူဂီ၊ နယ်သာလန်၊ ဗြိတိသျှနှင့် ပြင်သစ်တို့သည် အရှေ့အိန္ဒိယကုမ္ပဏီများအသီးသီးတည်ထောင်ခဲ့ကြပြီး အာရှတိုက်ထဲသို့ ထဲထဲဝင်ဝင်ရောက်ရှိလာကြတော့သည်။

၁၆၅၀ ပြည့်လွန်နှစ်များထိ အိန္ဒိယမှ မဂိုမင်းဆက်၊ တရုတ်မှ ချင်မင်းဆက်နှင့် ဂျပန်မှ တိုကူဂါဝါမင်းဆက်တို့သည် ဗဟိုမှချုပ်ကိုင်ထားပြီး နယ်စပ်ဒေသများထိ အချုပ်အခြာအာဏာတည်သည့်နိုင်ငံများကိုထူထောင်ထားခဲ့ကြသည်။ ထိုမှနောက်ပိုင်း နှစ် ၂၀၀ ခန့်အကြာတွင် ရေတပ်အင်အားတောင့်တင်းသည့် ကျူးကျော်သူဥရောပသားတို့သည် ကုန်းတွင်းပိုင်းအခြေပြု အာရှစီးပွားရေးစနစ်ကို ခြောက်လှန့်ထားနိုင်သည့်အနေအထားကို ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ဥရောပသားတို့၏ ကုန်သွယ်စီးပွားကုမ္ပဏီကြီးများသည် အစပိုင်းတွင် ကမ်းရိုးတမ်းဒေသများ၌ အခြေတည်ပြီး အရောင်းအဝယ်ပြုလုပ်ကြသည်။ နောက်ပိုင်းတွင် နိုင်ငံရေးအရ ကျူးကျော်ထိပါးမှုများ ပြုလုပ်သည်ထိ သွေးတိုးစမ်းလာခဲ့သည်။ သည်လိုနှင့်ပြည်တွင်းရေးကိစ္စများတွင် ခြေရှုပ်ခံရသဖြင့် တရုတ်နှင့် အိန္ဒိယတို့ရှိ အာရှအင်ပါယာကြီးများ ယိုင်နဲ့လာသည်။ အမေရိကန်ရေတပ်ဗိုလ်ချုပ်ပဲရီ(Commodore Perry) က ဂျပန်ဆိပ်ကမ်းကို အမြောက်နှင့်ချိန်ပြီး လွတ်လပ်စွာကုန်သွယ်ခွင့်ရရန် တောင်းဆိုခဲ့သည်။

၁၉ ရာစုအလယ်ပိုင်းခန့်တွင် ယခင်က တရားမဝင်စတင်ခဲ့သည့် ဥရောပသားတို့၏ အာရှတိုက်တွင်း နိုင်ငံရေးနှင့် စီးပွားရေးအရ ကျူးကျော်မှုများကို တရားဝင်ဖြစ်အောင် လုပ်လာနိုင်ခဲ့ကြသည်။ ထိုသို့ဖြစ်လာစေရန် အားပေးအားမြှောက်ပြုခဲ့သည့် အကြောင်းရင်းနှစ်ချက်ရှိသည်။ ပထမအကြောင်းရင်းက ၁၈၀၀ ပြည့်နှစ်မှ ၁၈၇၀ ပြည့်နှစ်များကြားဖြစ်ပေါ်လာခဲ့သည့် ဗြိတိသျှတို့၏ စက်မှုတော်လှန်ရေးကြောင့် ဖြစ်ပါသည်။

၎င်းစက်မှုတော်လှန်ရေးသည် ဥရောပနိုင်ငံများကြား လျင်မြန်စွာကူးစက်ပျံ့နှံ့သွားသည်။ စက်မှုလုပ်ငန်းကြီးများ အကြီးအကျယ်အောင်မြင်ဖြစ်ထွန်းနေသည့်ဥရောပနိုင်ငံများအတွက် ကုန်ကြမ်းလိုအပ်ချက်က အဆမတန်ကြီးထွားလာသည်။ ထို့ကြောင့်လည်း အာရှမှကုန်ကြမ်းသဘာဝရင်းမြစ်များကို အမြန်ဆုံးထုတ်ယူ၍ ဥရောပသို့ပို့ခဲ့ကြခြင်းဖြစ်သည်။

ဒုတိယအကြောင်းရင်းမှာ ၁၈၇၀-၁၉၁၄ ခုနှစ်ကာလများကြား ပေါ်ပေါက်ခဲ့သည့် နယ်ချဲ့အရင်းရှင်စနစ်နှင့် တစ်ကမ္ဘာလုံးပါဝင်သည့် စီးပွားရေးစနစ်ကြီးများကြောင့်ဖြစ်သည်။ ကုန်ပစ္စည်းများထုတ်ပြီး လွတ်လပ်စွာကုန်သွယ်ကြသည့် ခေတ်ဖြစ်သည်။ ၎င်းအကြောင်းရင်းနှစ်ချက်ကြောင့် အာရှနိုင်ငံများသည် ဥရောပကျူးကျော်သူများ၏ ကိုလိုနီလက်အောက်ခံနိုင်ငံများဖြစ်ခဲ့ကြရသည်။

၁၉၁၄-၁၉၅၀ ပြည့်နှစ်ကာလများတွင် အထက်ပါအကြောင်းရင်းနှစ်ချက်စလုံး ပြိုလဲသွားသည်။ ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်သည်။ မဟာစီးပွားပျက်ကပ်ကြီးအကြီးအကျယ်ဖြစ်သည်။ ဗြိတိန်၊ ပြင်သစ်၊ ပေါ်တူဂီနှင့် နယ်သာလန် စသည့်ဥရောပနိုင်ငံများ အပြိုင်လုခဲ့ကြသည် အာရှနေရာအတော်များများကို ဗြိတိသျှတို့ ရခဲ့ကြသည်။ သို့သော် ဥရောပပြိုင်ဘက်များကြား နိုင်ငံရေးအားပြိုင်မှုက ကျန်ခဲ့သည်။

❖ ၁၉၅၆ ခုနှစ် စူးအက်တူးမြောင်းအရေးအခင်းကာလမတိုင်မီထိ ဗြိတိသျှတို့က စူပါပါဝါအိမ်မက်ကို လက်မလွှတ်ချင်ကြသေးပေ။ အာဖရိကတိုက်မှ ၎င်းတို့၏အင်ပါယာကြီးမပြိုလဲခင်ထိ ပြင်သစ်တို့ကလည်း စိတ်ကူးယဉ်ကောင်းနေဆဲ။ ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်တို့ ရှေ့ရောက်လာသည်။ အာရှတွင် ဖြစ်သမျှပြဿနာများကို ဖြေရှင်းနိုင်ရန် ဗြိတိသျှရော၊ ပြင်သစ်ပါ အမေရိကန်အကူအညီကို ယူရသည်။ စီးပွားရေးအကျိုးအမြတ်များအရ ကိုလိုနီစနစ်အောက်တွင်နေခဲ့ရသည့် အာရှသည် ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံရေးအယူဝါဒများ အားပြိုင်ကြသည့်မြေဖြစ်သွားသည်။ ❖

ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်းက အာရှတိုက်တွင် ကိုလိုနီစနစ်ပြီးဆုံးခြင်းပင်ဖြစ်သည်။ အမျိုးသားလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ လွတ်လပ်ရေးတောင်းဆိုလာကြသည်။ အာရှတိုက်တွင် အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာပြီး နိုင်ငံရေးအရ လက်လွှတ်လိုက်ရသော်လည်း ဥရောပသားများအနေဖြင့် စီးပွားရေးအကျိုးစီးပွားများကို လက်မလွှတ်နိုင်ကြသေးပေ။ ကိုလိုနီခေတ်လွန်ကာလများထိ ဥရောပ၏အကျိုးစီးပွားများကို ဆက်လက်ကာကွယ်ပေးထားရခြင်းမျိုးများ ရှိခဲ့သည်။

၁၉၅၆ ခုနှစ် စူးအက်တူးမြောင်းအရေးအခင်းကာလမတိုင်မီထိ ဗြိတိသျှတို့က စူပါပါဝါအိမ်မက်ကို လက်မလွှတ်ချင်ကြသေးပေ။ အာဖရိကတိုက်မှ ၎င်းတို့၏အင်ပါယာကြီးမပြိုလဲခင်ထိ ပြင်သစ်တို့ကလည်း စိတ်ကူးယဉ်ကောင်းနေဆဲ။ ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်တို့ရှေ့ရောက်လာသည်။ အာရှတွင် ဖြစ်သမျှပြဿနာများကိုဖြေရှင်းနိုင်ရန် ဗြိတိသျှရော၊ ပြင်သစ်ပါ အမေရိကန်အကူအညီကို ယူရသည်။ စီးပွားရေးအကျိုးအမြတ်များအရ ကိုလိုနီစနစ်အောက်တွင်နေခဲ့ရသည့်အာရှသည် ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံရေးအယူဝါဒများ အားပြိုင်ကြသည့်မြေဖြစ်သွားသည်။ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်၊ အမေရိကန်နှင့် ဆိုဗီယက်တို့ကြားက စစ်အေးတိုက်ပွဲ။ ၎င်းတို့ကြား ဆက်လက်ရပ်တည်ရသည့် အာရှ ဖြစ်သွားသည်။

ကိုလိုနီခေတ်လွန် အာရှနှင့် ကမ္ဘာအရပ်ရပ်ဆက်သွယ်မှုကိုလေ့လာလျှင် အရှေ့အာရှနှင့်အရှေ့တောင်အာရှဒေသများမှစစ်အေးတိုက်ပွဲများနှင့် ရေနံထွက်သည့် မြေထဲပင်လယ်ဒေသအပေါ်မူတည်ရေးဆွဲသည့် အနောက်အာရှဒေသ၏ မဟာဗျူဟာအကျိုးစီးပွားများဟူ၍ နှစ်မျိုးတွေ့ရသည်။ အရင်းရှင်စနစ်နှင့်ကွန်မြူနစ်စနစ်တို့၏ နိုင်ငံရေးအရအားပြိုင်မှုသည် အာရှနိုင်ငံများ၏ကိုလိုနီလွတ်မြောက်ရေး၊ နယ်ချဲ့ဝါဒဆန့်ကျင်ရေးတိုက်ပွဲများနှင့်တိုက်ဆိုင်နေသည်။

စစ်အေးတိုက်ပွဲကာလအတွင်း အာရှနိုင်ငံအများစုမှာ စစ်ပွဲနှင့်မငြိမ်မသက်မှုများစွာ ဖြစ်ပွားခဲ့ရသည်။ အများသိကြသည့်အတိုင်း ကိုရီးယားကျွန်းဆွယ်တိုက်ပွဲမှစသည်။ မြောက်ကိုရီးယားကို ဆိုဗီယက်နှင့်တရုတ်တို့က အားပေးသည်။ တောင်ကိုရီးယားကိုမူ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များအမည်ခံပြီး အမေရိကန်က ကျောထောက်နောက်ခံပြုသည်။ စစ်ပွဲက သုံးနှစ်ကြာသည်။ လူနှစ်သန်းခွဲခန့် သေကျေခဲ့သည်။ ၃၈ မျဉ်းပြိုင်နယ်နိမိတ်သတ်မှတ်ပြီး စစ်ပြေငြိမ်းခဲ့ကြသည်။

ပထမ အင်ဒိုချိုင်းနားကျွန်းဆွယ်စစ်ပွဲတွင်လည်း မြောက်ပိုင်းမှ ဗီယက်နမ်များကို ဆိုဗီယက်က အားပေးပြီး တောင်ဘက်ကို ပြင်သစ်က ထောက်ပံ့ပေးကာ အမေရိကန်ကလည်း ကျားကန်ပေးထားသည်။ စစ်ပွဲက ရှစ်နှစ်ကြာပြီး ၁၉၅၄ ခုနှစ် ဒိန်ဗန်ဖူးမြို့တွင် ပြင်သစ်တို့လက်နက်ချမှုပြီးဆုံးသည်။ ဒုတိယအင်ဒိုချိုင်းနားကျွန်းဆွယ်စစ်ပွဲကို ဗီယက်နမ်စစ်ပွဲဟုလည်း ခေါ်ကြသည်။ ၁၉၅၅ ခုနှစ်မှစတင်ခဲ့သည့် စစ်ပွဲအတွင်း မြောက်ပိုင်းတပ်များကို ဆိုဗီယက်နှင့် တရုတ်တို့က အားပေးလျက် တောင်ပိုင်းတပ်များကို အမေရိကန်က အားပေးသည်။ စစ်ပွဲကနှစ် ၂၀ ခန့်ကြာမြင့်ပြီး ၁၉၇၅ ခုနှစ် ဆိုင်ဂုံမြို့ကျသွားတော့မှပြီးဆုံးသည်။ ထိုအခါမှ ဗီယက်နမ်နိုင်ငံလည်း ပြန်လည်ပေါင်းစည်းနိုင်ခဲ့ပြီး ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့လည်း ပြန်လည်ဦးမော့လာနိုင်ခဲ့ကြသည်။

ပထမ မလေးရှားကျွန်းဆွယ်အရေးပေါ်စစ်ပွဲက ၁၉၄၆-၁၉၆၀ ပြည့်နှစ်များအတွင်း ဖြစ်ပွားခဲ့သည်။ ဗြိတိသျှဦးဆောင်သည့် ဓနသဟာယနိုင်ငံများကတစ်ဖက်၊ မလေးရှားကွန်မြူနစ်ပါတီကတစ်ဖက် ဖြစ်ခဲ့ကြသည့် တိုက်ပွဲများဖြစ်ပြီး ၁၂ နှစ်ကြာမြင့်ခဲ့သည်။ ဒုတိယမလေးရှားကျွန်းဆွယ်စစ်ပွဲက မလေးရှားပြည်ထောင်စုတပ်ဖွဲ့ဝင်များနှင့် ကွန်မြူနစ်များစစ်ပွဲဖြစ်ပြီး ၁၉၆၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်ထိ နှစ်ရှည်ကြာမြင့်ခဲ့သည်။

အာရှနိုင်ငံများ၏နိုင်ငံရေးအကျပ်အတည်းများကို လေ့လာကြည့်လျှင် နယ်ချဲ့အရင်းရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကအစပျိုးခဲ့ပြီး နောက်ပိုင်းကာလများတွင် ဥရောပနိုင်ငံများက ထောက်ခံသည့်၊ အမေရိကန်နှင့် တရုတ်ကထောက်ခံထားသည့် ဆိုဗီယက်တို့ကြား ပြိုင်ဆိုင်မှုများကြောင့် ဆက်လက်ဖြစ်ပွားခဲ့ကြရသည်ကို တွေ့မြင်နိုင်သည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် စစ်အေးတိုက်ပွဲပြီးဆုံးမည့်အနေအထားဖြစ်လာသည်။ နိုင်ငံရေးအရကြည့်မည်ဆိုလျှင် ဆိုဗီယက်တို့၏ကွန်မြူနစ်စနစ် ပြိုလဲသွားသည်။ စီးပွားရေးဘက်ကကြည့်လျှင် တံခါးဖွင့်စီးပွားရေးစနစ်ဖြင့် ရှေ့ဆုံးမှပြေးလာသည့် အာရှနိုင်ငံများနှင့် ဝါရှင်တန်တို့ ချိတ်ဆက်မိသွားပြီ။ သို့သော် အာရှနိုင်ငံတစ်ခုချင်းစီ၏ စီးပွားရေးလွတ်လပ်မှုအတိုင်းအတာက ကွာခြားနေသည်။

တွင်းထွက်လောင်စာဆီများ ပေါ်ကြွယ်ဝသည့် အရှေ့အလယ်ပိုင်းနိုင်ငံများတည်ရှိရာ အာရှအနောက်ပိုင်းဒေသများ၏ ပထဝီနိုင်ငံရေးကိုမူ ကိုလိုနီခေတ်လွန်နောက်ပိုင်းကာလများထိ အနောက်နိုင်ငံများက မဟာဗျူဟာကျကျ ဆက်လက်ချုပ်ကိုင်ထားသည်။ စစ်အေးတိုက်ပွဲအစောပိုင်းကာလများတွင် အမေရိကန်နှင့် ဗြိတိသျှမဟာမိတ်နှစ်နိုင်ငံက တူရကီ၊ ပါကစ္စတန်နိုင်ငံတို့နှင့် မိတ်ဖွဲ့ထားသည်။ ပြိုင်ဘက်ကြီးဆိုဗီယက်ကမူ အာဖကန်နစ္စတန်ကိုသာ ခြေကုပ်ယူထားနိုင်သည်။


အမေရိကန်က အီရန်၏လောင်စာဆီတွင်းထွက်များကို ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ လက်ဝါးကြီးအုပ်ထားခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အီရတ်နိုင်ငံက ကူဝိတ်ကိုဝင်တိုက်သဖြင့် အမေရိကန်နှင့်ဆက်ဆံရေးတင်းမာသွားသည်။ ၂၀၀၃ ခုနှစ်တွင် အီရတ်ကို အမေရိကန်က ဝင်တိုက်သည်။ ဗြိတိသျှတို့ကထောက်ခံသည်။ ဆက်ဒမ်ဟူစိန်ပြုတ်ကျသွားပြီး ၂၀၀၆ ခုနှစ်တွင် သေဒဏ်စီရင်ခံရသည်။ ၂၀၁၁ ခုနှစ်တွင် အီရတ်မှ အမေရိကန်တပ်များ ထွက်ခွာလာပြီဆိုသော်လည်း တိုင်းပြည်က ချွတ်ခြုံကျကျန်ရစ်သည်။

အီရတ်နှင့်အီရန်နိုင်ငံတို့က ရှီးယားမူစလင်တိုင်းပြည်များဖြစ်သည်။ အမေရိကန်မှ အကူအညီတောက်လျှောက်ရသည့် ဆော်ဒီနိုင်ငံမှာမူ ဆွန်နီမူစလင်အုပ်စုဝင်ဖြစ်သည်။ ဆွန်နီနှင့်ရှီးယားမူစလင်အုပ်စုများကြား တင်းမာမှုကလည်း အနောက်အာရှဒေသတွင်း မငြိမ်သက်မှု၏ အဓိကနောက်ခံအကြောင်းရင်းဟု ဆိုရမလိုဖြစ်နေသည်။

ကိုလိုနီခေတ်လွန်ဥရောပနိုင်ငံများနှင့် အာရှဆက်နွှယ်မှုကို လေ့လာကြည့်လိုက်လျှင် စိတ်ဝင်စားဖွယ်အချက်သုံးချက်တွေ့ရသည်။ ပထမအချက်က ဒီမိုကရေစီအရေးနှင့် လွတ်လပ်ရေးကို တကြော်ကြော်အော်နေသည့် အနောက်နိုင်ငံများ၏ အာရှလက်ဝေခံများကိုကြည့်လိုက်လျှင် အာဏာရှင်များ၊ ဘုရင်ကြီးစိုးဆဲအစိုးရများ၊ နိုင်ငံကို လက်ဝါးကြီးအုပ်စိုးမိုးထားသူများသာဖြစ်နေကြောင်း တွေ့ရသည်။ သူတို့သည် ဒီမိုကရေစီ စနစ်ကို လိုက်နာတတ်သူများ မဟုတ်ကြဘဲ နိုင်ငံသားတို့၏ကိုယ်ပိုင်အခွင့်အရေး၊ လိုလားချက်ကို စိတ်မဝင်စားသူများဖြစ်ကြောင်း တွေ့ရသည်။


ဒုတိယအချက်က ကိုလိုနီခေတ်လွန်စစ်အေးကာလများအတွင်း စစ်ပွဲများနှင့်မငြိမ်မသက်ဖြစ်ခဲ့ရသည့် တောင်ကိုရီးယား၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့မှာ ယနေ့အချိန် စီးပွားရေးအလွန်ဖွံ့ဖြိုးနေသည့် ကြွယ်ဝချမ်းသာသည့်ပြည်များဖြစ်နေပြီး ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့သည်လည်း စီးပွားရေးအောင်မြင်နေကြောင်း တွေ့ရသည်။ ထို့ပြင် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဆိုဗီယက်တို့၏ အာရှဒေသကြီးစိုးမှုကို ထိန်းကျောင်းရန် အမေရိကန်တို့က တရုတ်နှင့်ပြေလည်အောင် ကြိုးစားခဲ့ရာမှ နှစ်ပေါင်း ၄၀ ကြာသည့်အခါ တရုတ်က စူပါပါဝါနိုင်ငံဖြစ်လာခဲ့ပြီး အမေရိကန်ကို ခြိမ်းခြောက်နိုင်သည့်အခြေအနေရောက်လာသည်။

တတိယအချက်အနေဖြင့် အာရှအနောက်ပိုင်းရေနံထွက်သည့်နိုင်ငံများနှင့် အမေရိကန်တို့၏ပထဝီနိုင်ငံရေးမဟာဗျူဟာကျကျ မဟာမိတ်ဖွဲ့ခြင်းမှသည် အချုပ်အခြာအာဏာပိုင်သည့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများကို အမေရိကန်တို့ဝင်ရောက်ကျူးကျော်မှုများဖြစ်ပွားခဲ့ရပြီး အစ္စလာမ်ဘာသာအယူဝါဒကမ္ဘာအနှံ့လှည့်ပတ်ကျော်ကြားသည့် အခြေအနေဖြစ်ခဲ့ရသည်။ ၎င်းအခြေအနေကြောင့် အနောက်နိုင်ငံများ၏ ဦးဆောင်မှုအပေါ် မေးခွန်းထုတ်စရာများ ဖြစ်ခဲ့ရသည်။




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# မှတ်သားနာကြားအတွေ့အကြုံများ၊ ပါမောက္ခချုပ်ဆရာတော်ထံပါး နာကြားခဲ့ရသောတရားများနှင့်အတွေ့အကြုံ ထုတ်ဝေဖြန့်ချိ




စိတ်ကူးချိုချိုစာပေက ထုတ်ဝေသော ခင်မောင်ညို(ဘောဂဗေဒ)၏ မှတ်သားနာကြားအတွေ့အကြုံများ ပါမောက္ခချုပ်ဆရာတော်ထံပါး နာကြားခဲ့ရသော တရားများနှင့် အတွေ့အကြုံစာအုပ် ထွက်ရှိလာသည်။ ယခုစာအုပ် အပိုင်း(၁) မှတ်သားနာကြားမြတ်တရား၊ အပိုင်း(၂) အတွေ့အကြုံတို့ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ ပါမောက္ခချုပ်ဆရာတော်ရဲ့ ကထိန်အနုမောဒနာတရားတော်မှ ကောက်နုတ်ဖော်ပြရလျှင် ဘဒ္ဒကမ္ဘာ ဒီကမ္ဘာစတည်တော့ ရေပြင်ပဲရှိတယ်။ သစ်ပင်တောတောင်မရှိဘူး။ ဥတုကြောင့် တဖြည်းဖြည်းရေလျော့ကျတယ်။ ရေရှိရင်ကြာရှိတော့ အလိုအလျောက် ကြာပင်ကြီးတွေ ပေါ်လာပြီးတော့ ကြာဖူးကြီးငါးဖူးပေါက်လာတယ်။ ကြာဖူးထဲမှာ ရွှေသူတော်စင်တွေ အသုံးပြုတဲ့အဝတ်တန်ဆာတွေပါလာတယ်။ အဲဒီအချိန်မှာ လူပြည်မရှိသေးဘူး။ ဗြဟ္မာပြည်ပဲရှိသေးတယ်။ ကြာဖူးထဲကနေပါလာတဲ့ သူတော်စင်တွေ ဝတ်ရုံတဲ့ သင်္ကန်း၊ သပိတ်ပရိက္ခရာတွေ ဗြဟ္မပြည်မှာ ဗြဟ္မာကြီးတွေက သိမ်းထားတယ်။ ကြာဖူးငါးဖူးကိုကြည့်ပြီး ဘဒ္ဒကမ္ဘာ ဘုရားငါးဆူပွင့်မယ်လို့ ဆိုထားတာက ဘုရားဟောမဟုတ်ပါဘူး။ ပါဠိစာပေမှာဆိုထားတာ။ ကြာဟာ ကမ္ဘာရဲ့ အထိမ်းအမှတ်ဖြစ်တယ်။ ဗြဟ္မာကသိမ်းထားတယ်။ ကကုသန်ဘုရားအလောင်း တောထွက်လာတုန်းကလည်း ဗြဟ္မာကြီးတစ်ဦးက ကြာဖူးထဲက ပရိက္ခရာကို လာလှူတယ်။ ကောဏာဂမနဘုရားအလောင်း တောထွက်လာတော့လည်းသွားလှူတယ်။ ကဿပဘုရားအလောင်း တောထွက်လာတော့လည်း သွားလှူတယ်။ သုံးဆူလှူပြီးတဲ့နောက် ကျန်တဲ့ကြာဖူးနှစ်ခုထဲက တစ်ခုကို ဂေါတမဘုရားပွင့်လာတော့ ဃဋိကာရဗြဟ္မာကဆံတော်ပယ်တဲ့ အနော်မာသောင်ကမ်းမှာ လာလှူတယ်။ စာ-၂၀၊ ၂၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# နွေဦးဝင်သော် ထွက်ရှိလာ



စိတ်ကူးချိုချိုစာပေက ဒုတိယအကြိမ်ထုတ်ဝေသော ငြိမ်းကျော်၏ နွေဦးဝင်သော် လုံးချင်းဝတ္ထု ထွက်ရှိလာသည်။ ယခုစာအုပ်ကို ၁၉၈၉ ခုနှစ်က အားမာန်သစ်စာပေမှ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး တက္ကသိုလ်ကျောင်းသားလူငယ် စာဖတ်ပရိသတ်တို့၏ လှိုက်လှဲစွာ အားပေးခြင်းခံရသော စာရေးဆရာငြိမ်းကျော်၏ လက်ရာမွန် တစ်ခုဖြစ်သည်။

ယခုစာအုပ်တွင် ဇာတ်လမ်းအဖွင့်၌ နယ်ဘက်ရှိ စည်ကားသော သင်္ကြန်ပွဲတစ်ခုတွင် နှင်းနှင်းလွင်တို့အဖွဲ့နှင့် တင်အောင်ရှိန်တို့အဖွဲ့ ဆုံတွေ့ကြရာမှ ဘုနှင့်ဘောက်ဖြစ်ခဲ့ကြပြီး ထို ရင်းနှီးခင်မင်ခွင့်ရခဲ့ကြကာ မြို့ပြပြန်ရောက်ကြသောအခါ တက္ကသိုလ်တစ်ခု၌ တွေ့ဆုံကြုံခွင့် ပြန်လည်ရရှိခဲ့ကြပြီးနောက် မျိုးသိပ်ထားကြသော ချစ်မေတ္တာမှနောက်ဆုံး၌ ပွင့်လင်းစွာ မေတ္တာသက်ဝင်ချစ်ခင်လာကြသော ဇာတ်လမ်းဖြစ်သည်။ ငြိမ်းကျော်၏ရေးဟန်အတိုင်း ဇာတ်ရှိန်ကို တဖြည်းဖြည်းမြှင့်တင်ကာ နောက်ဆုံး၌ မထင်မှတ်ထားသော ပျော်ရွှင်ဖွယ်ဇာတ်သိမ်းဖြင့် ပေါင်းစည်းပေးလိုက်သည့် ဝတ္ထုဇာတ်လမ်းဖြစ်သည်။ ဤဝတ္ထုဇာတ်လမ်းတွင် သိမြင်လာစေသော အချက်မှာ ကြီးမားသောသံယောဇဉ်ငြိတွယ်မှုပင်ဖြစ်သည်။ ငြိမ်းကျော်၏ အရေးအသားက မငြီးမငွေ့နိုင်အောင်ပင် ဆွဲခေါ်သွားကြောင်း တွေ့ရသည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့ ဖတ်ရှုနိုင်သည်။ "ဒီနှစ်သင်္ကြန်ဆို ပိုပျော်စရာကောင်းမှာပဲလို့ ထင်တယ်" နှင်းနှင်းလွင် ပြုံးလေသည်။ "ငွေဖလားဝယ်ပြီးပြီလား"ဟု သူ့ကိုနောက်၏ "ရေလောင်းခံမယ့်သူက ဝယ်ထားပေးပေါ့" "ရေလောင်းခံမယ်လို့ ဘယ်သူက ပြောလို့လဲကိုအောင်" "မေတ္တာထားရင် ရေလောင်းခံရမှာပေါ့လွင်" "မေတ္တာထားတယ်လို့ ဘယ်သူကပြောဖူးလို့လဲ စဉ်းစားပါဦး" "ဒါဖြင့် လွင်က ကျွန်တော့်ကိုပဲ သင်္ကြန်ရေလောင်းပေါ့" တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်ကြလေသည်။ စာ-၁၆၉ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုး ငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# အရည်အချင်းနှင့် အောင်မြင်ကြီးပွားခြင်း ပုံနှိပ်ထုတ်ဝေ



ဆောင်းစုရတီစာပေက ဒုတိယအကြိမ်ထုတ်ဝေသော ကောင်းပြည့်သော်၏ အရည်အချင်းနှင့် အောင်မြင်ကြီးပွားခြင်းစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် ငါးရာ့ငါးဆယ်ဇာတ်တော်ထဲက "စူဠသေဋ္ဌိဇာတ်"ကို အခြေခံပြီးရေးသားထားသည့် လူငယ်များအတွက် စိတ်ဓာတ်ခွန်အားဖြည့် စာအုပ်ဟု ဆိုနိုင်သည်။ ကြွက်သေတစ်ခုအရင်းပြုဟု လူသိများသည့် စူဠသေဋ္ဌိဇာတ်တွင် အောက်ခြေမှစ၍ အဆင့်ဆင့်တက်လှမ်းကာ အောင်မြင်ကြီးပွားမှုကို ရယူနိုင်ခဲ့သည်ကို တွေ့နိုင်သည်။

ယခုစာအုပ်မိတ်ဆက်ဖတ်ညွှန်းတစ်နေရာတွင် ဤသို့တွေ့ရသည်။ လူငယ်တွေ ကိုယ့်ဆီမှာ အင်မတန်မှ တန်ဖိုးကြီးမားတဲ့ သယံဇာတတွေ ရှိတယ်ဆိုတာကို မမေ့ကြပါနဲ့။ အဲဒီသယံဇာတပစ္စည်းတွေကတော့ (၁) ဉာဏပစ္စည်း၊ (၂) ကာယပစ္စည်းတို့ပဲဖြစ်တယ်။ ဘယ်သူမှ လာခိုးလို့မရပါ။ တိုက်ခိုက်လုယက်လို့မရပါ။ ကိုယ်ပိုင်ပစ္စည်းဖြစ်တဲ့ ဉာဏပစ္စည်းနဲ့ ကာယပစ္စည်းကိုအသုံးချပါ။ လူဆိုတာ အလင်းပွင့်မှုမြန်ပါတယ်။ လူငယ်တွေက ပိုတောင်အလင်းပွင့်မှုမြန်ပါတယ်။ စာ-၁၈ မှ

ယခုစာအုပ်မှာ လူငယ်များကို အောင်မြင်ကြီးပွားလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် အောင်မြင်ကြီးပွားအောင် ကြံဆကြိုးပမ်းရွက်ဆောင်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရသည်။ တစ်နေ့မှာတော့ စူဠသူဌေးဟာ ဘုရင်ကိုခစားဝင်ဖို့ နန်းတော်ကို ရထားနဲ့အသွား လမ်းခုလတ်မှာ ကြွက်သေတစ်ကောင်ကိုမြင်တယ်။ ကြွက်သေကို မြင်တယ်ဆိုရင်ပဲ ရထားကိုရပ်တန့်စေပြီး နက္ခတ်တွက်ချက် နိမိတ်ဟောပါတယ်။

စာ- ၂၉၊ ၃၀ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ပင်လယ်ပြာပြာ မိုးပြာပြာ ထွက်ရှိလာ



စိတ်ကူးချိုချိုစာပေက ဒုတိယအကြိမ်ထုတ်ဝေသော ယုဝတီခင်စိန်လှိုင်၏ ပင်လယ်ပြာပြာ မိုးပြာပြာလုံးချင်းဝတ္ထုထွက်ရှိလာသည်။ ယခုလုံးချင်းဝတ္ထုကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးထုတ်လွှင့်လျက်ရှိသည်ဟုလည်း သိရှိရပြီး ယုဝတီခင်စိန်လှိုင်၏ ဇာတ်လမ်းဇာတ်အိမ်ခိုင်မာ၍ စိတ်ဝင်စားဖွယ်ကောင်းသော ဝတ္ထုတစ်ပုဒ်ဟု ဆိုနိုင်သည်။

ယခုလုံးချင်းဝတ္ထု အဖွင့်တွင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ခန့်က ဆောက်လုပ်ထားသော ကမ္ဘာတွင် ဒုတိယအကြီးဆုံး မီးပြဖြစ်သည့် ပုသိမ်မီးပြတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် ဇာတ်လမ်းစတင်ထားသည်။ လှိုင်းလုံးကြီးများနှင့်အတူ မျောပါလာသော မိန်းမပျိုကလေးတစ်ယောက်ကို ကယ်တင်လိုက်နိုင်ပုံမှာ စိတ်ဝင်စားမှုကို နှိုးပေးသကဲ့သို့ရှိသည်။ လှိုင်းလုံးများနှင့်အတူ ပါလာသောသဇင်ဆိုသည့်မိန်းကလေး ကျွန်တော်(ဇာတ်ကြောင်းပြောသူ)နှင့် ရင်းနှီးလာပုံ ထိုမှ နောက်ကြောင်းပြန်ဇာတ်ကွက်ဖြစ်သည့် လှချောနှင့် သဇင်တွေ့ဆုံကြပုံ၊ ငြိမ်းဦး လှချောဟူသော ဇာတ်ကောင်များဖြင့် ဝတ္ထုဇာတ်လမ်းမှာ လှုပ်လှုပ်ရှားရှားဖြစ်လာပုံ-မီးပြသို့ လာမည့်သင်္ဘောကို စောင့်မျှော်ကြပုံ၊ သဇင်ကို ရောက်ရှိလာသော သင်္ဘောဖြင့် တင်လွှတ်လိုက်ပုံ၊ သဇင်နှင့် သိန်းအေး အိမ်ထောင်ပြုလိုက်ပုံ(၄င်းမှာ ဝတ္ထု၏ လှည့်ကွက်တစ်ခုဖြစ်သည်)လှချောက ငြိမ်းဦးအသက်ကိုကယ်ရင်း မားဒဏ်ရာနှင့် ကွယ်လွန်သွားပုံ၊ ဝတ္ထုဇာတ်လမ်းအရ ကျွန်တော်(ငြိမ်းဦး)နှင့် သဇင်တို့၏ ရင်သွေးသန့်ဇင်ငြိမ်းဟူသည့် ရေတပ်မတော်အရာရှိကလေးဖြင့် ဇာတ်ပေါင်းကြပုံကိုလည်း သည်းထိတ်ရင်ဖိုဇာတ်ကွက်များဖြင့် ရက်ဖောက်ဖော်ပြထားသည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# တုန်းပါးမိန်းကလေး ကျီဖေ့လ် ထုတ်ဝေဖြန့်ချိ



ရသယဉ်စွန်းတန်းစာပေက ထုတ်ဝေသော ဘာသာပြန်ဒေါ်ဖြူဖြူဝင်း၊ ဒေါ်နှင်းနှင်းကြည်၊ မြန်မာဘာသာစိစစ် ဒေါ်မြင့်မြင့်အေးတို့၏ တုန်းပါးမိန်းကလေးကျီဖေ့လ် လုံးချင်းဝတ္ထု ထွက်ရှိလာသည်။

ယခုစာအုပ်မူရင်းမှာ ဖော်ရှောင်မေ၏ ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ ယခုစာအုပ်နှင့်ပတ်သက်၍ စကားချီးမှ ကောက်နုတ်ဖော်ပြရလျှင် တက်ကြွဖွယ်ဇာတ်လမ်းအကြောင်းအရာနှင့် ချစ်စဖွယ်ဇာတ်ကောင်လေးများမှ တစ်ဆင့် မြန်မာကလေးသူငယ် စာဖတ်ပရိသတ်များကို သုတ၊ ရသစုံပေးစွမ်းထားသည်။ ရဲရင့်ရမည်၊ ပြတ်သားရမည်၊ ဆင်ခြင်ဉာဏ်ရှိရမည်၊ မိမိတိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ပေးဆပ်တတ်သော မြင့်မြတ်သော စိတ်နှလုံးထားရှိရမည်။ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်တတ်ရမည်။ စည်းကမ်း၊ စည်းစနစ်ကို သိရှိလိုက်နာတတ်ရမည် စသော အသိပညာနှင့် စိတ်ဓာတ်ခွန်အားများပေးထားပါသည်။ ကျီဖေ့လ်လေးတို့သူငယ်ချင်း သုံးယောက် အခက်အခဲများကြားမှာ အပြန်အလှန်ရိုင်းပင်းကြပုံကို အတုယူစေနိုင်သည်။ ဝက်ကလေးပုယော့နှင့် ကလေးတို့အချင်းချင်း အပြန်အလှန် ပြုမူပုံမှတစ်ဆင့် လူသားနှင့်တိရစ္ဆာန်တို့မှာလည်း မိတ်ဆွေကောင်းဖြစ်နိုင်ပြီး တိရစ္ဆာန်ကလေးများကို စာနာဂရုဏာထားတတ်ရန် သိမြင်စေပါသည်။ ထို့ပြင် အချိန်ကိုတန်ဖိုးထားပြီး မှန်မှန်ကန်ကန်အသုံးချတတ်ရမည်။ သဘာဝပတ်ဝန်းကျင်ကို စနစ်တကျထိန်းသိမ်းတတ်ရမည်။ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာတတ်ရမည်ဟူသော အရေးကြီးသည့် အသိပညာ၊ အသိစိတ်ဓာတ်ကို ငယ်စဉ်ကတည်းက ကိန်းအောင်းနေစေရန်လည်း ဇာတ်လမ်း၏ အဓိကကျောရိုးဖြစ်သော မိုးနတ်မင်းဟာ ပြစ်ဒဏ်ပေးသည့် အကြောင်းအရာဖြင့် သတိပေးထားပါသည် စသည်ဖြင့်တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်
ထွန်းဦး(စာ၁၈၀တ)
ဓာတ်ပုံရိုက်သည်

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၈-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဌမတန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ၊ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၈-၆-၂၀၂၃ ရက်နေ့မှ ၇-၇-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး:**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး:**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း **(MSME)**များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး:**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အားကစားဆိုသည်မှာ ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်...

❖ မိမိအသင်းမိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်...

❖ အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့်ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပသော ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

**ဧပြီလ ၂၉ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေအား မေးမြန်းလျှောက်ထားစဉ် ဗန်းမော်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့်တရားတော်**

(ဤတရားတော်သည် ဗန်းမော်ဆရာတော်ဘုရားကြီး နောက်ဆုံးချီးမြှင့်ခဲ့သော တရားတော်ဖြစ်သည်)

စာမျက်နှာ - ၂၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ **စာမျက်နှာ ၁၉ ကော်လံ ၁** ☆

